# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၃၇)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ၊ ၉–၁၁–၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်မြေပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်း ပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

မြဝတီ – မဲ့ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒစရိုက်မှုများကျူးလွန်သည့် နေရာများတွင် တစ်ထပ် လူနေအဆောက်အအုံ

စာမျက်နှာ ၃ သို့ ❑



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၉ ရက် ၊ တနင်္ဂနွေနေ့။

မန္တလေး

## မြန်မာကျောင်းသားအားကစားအဖွဲ့ အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် အခြေခံပညာဦးစီးဌာနက ဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး အဆိုပါ ပြိုင်ပွဲများမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျရွေးချယ်ကာ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ၂ တွင် အားကစားနည်းအလိုက် ကျွမ်းကျင်သော ကာယပညာဆရာများနှင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ နည်းပြများဖြင့် စနစ်တကျ လေ့ကျင့်ပေးသည်ကို တွေ့ရှိရသည့်အတွက် ဆုတံဆိပ်များရရှိမည်ဟု ယုံကြည်ပါကြောင်း။

အားကစားနည်းအလိုက် ယှဉ်ပြိုင်ကြရာတွင် အောင်မြင်မှုများ ရရှိရုံသာမက နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ဓာတ် ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အဖြစ် ကြိုးစားယှဉ်ပြိုင်ကြရန် အထူးမှာကြားလိုပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၃ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသားအားကစားအဖွဲ့ အား အောင်နိုင်ရေးအလံ အပ်နှင်းခြင်းအခမ်းအနား၌ ပြောကြား ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက (၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ ကျောင်းသားအားကစားအဖွဲ့ထံသို့ အောင်နိုင်ရေးအလံပေးအပ်ပြီး ကျောင်းသားအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာကျောင်းသားအားကစားအဖွဲ့အား ပံ့ပိုးကူညီပေးသည့် ROYAL-D နှင့် WINNER SPORT တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးက ပြိုင်ပွဲဝတ်စုံ ဖိနပ်များနှင့် လိုအပ်သောပစ္စည်းများကို ပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ မြန်မာကျောင်းသားအားကစားအဖွဲ့ တာဝန်ခံက လက်ခံရယူသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၈ ရက် အထိ ကျင်းပပြုလုပ်မည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကြီးတွင် အားကစားနည်းရှစ်မျိုး ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကြက်တောင်(အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား)နှင့် ဘတ်စကက်ဘော(အမျိုးသား) အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မိတ္ထီလာမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ(မြို့နယ်အဆင့်)ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ(မြို့နယ်အဆင့်)ကို ယနေ့ နံနက် ၈နာရီက အထက(၁)ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ၊ ဆရာမ၊ သင်တန်းသား၊ သင်တန်းသူ ၁၀၀ဦး တက်ရောက်ပြီး တိုင်းဒေသကြီးအဆင့် သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းနည်းပြ ဆရာ၊ ဆရာမ ခုနစ်ဦးက ဆွေးနွေးပွဲတွင် ဦးဆောင် ဆွေးနွေးသည်။ ၎င်း ဆွေးနွေးပွဲတွင် ကလေးသူငယ်ဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ အကြမ်းဖက်ဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ လောင်းကစားဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက် မှ ၉ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၄၅၃)

## လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေး အကျုံးဝင်ဝန်ထမ်းများအား ကွင်းဆင်းကုသပေး

**မန္တလေး၊ နိုဝင်ဘာ ၈**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်(Mobile Medical Units)ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအကျုံးဝင်သော အမှုထမ်း၊ အရာထမ်းများကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမတွင် ကွင်းဆင်းကုသပေးခြင်းများ လုပ်ဆောင်ခဲ့သည်။ **(အောက်ပုံ)**



လူမှုဖူလုံရေးအကျုံးဝင် ဝန်ထမ်း အာမခံအလုပ်သမားများအား ဆေးဝါးကုသပေးခြင်း၊ ဓာတ်ခွဲစစ်ဆေးပေးခြင်း၊ နှလုံးအတွက် ECG စစ်ဆေးပေးခြင်း၊ ကွင်းဆင်းကုသပေးမှုများကို လုပ်ဆောင်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားကုသရေးယာဉ်ဖြင့် ဝန်ကြီးဌာနများရှိ အကျုံးဝင်အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ကားသုံးစီးဖြင့် လှည့်လည်ကုသမှုများ ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ရွေ့လျားကုသရေးယာဉ်သုံးစီးဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများကို ကုသမှုများပေးအပ်နေခြင်း ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၌ နိုဝင်ဘာ ၈ရက်က ကုသမှုလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ရာတွင် Thukha Mingalar Medical & Diagnostic Center မှ လူမှုဖူလုံရေးအဖွဲ့နှင့်ပူးပေါင်းကာ ကုသပေးမှုများကို လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာဘူမိအနောက်ရပ်ကွက်၊ ၈၅ လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂လမ်းနှင့် ၅၃ လမ်းကြားတို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၉ လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်ဓမ္မာရုံ၊ အထက-၁ အနောက်ဘက်တို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈ လမ်း၊ ၄၆ လမ်းနှင့် ၄၇ လမ်းကြားတို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၃၃လမ်းထောင့်တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ရက်တွင် အမျိုးသားအောင်ပွဲနေ့ ရုံးပိတ်ရက်တွင် သက်သာရောင်းချမှုကိုရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်းရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

(ဝဲပုံ)

**သတင်းများ**
**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ ရှေ့ဖုံးမှ

တစ်လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၈၀၊ သုံးထပ်လူနေအဆောက်အအုံ ရှစ်လုံး၊ လေးထပ် လူနေအဆောက်အအုံ ၂၇ လုံး၊ ကိုးထပ် လူနေ အဆောက်အအုံ တစ်လုံး၊ ဈေးဆိုင်နှင့် လူနေ နှစ်ထပ်အဆောက်အအုံလေးလုံး၊ ဈေးဆိုင်နှင့် လူနေလေးထပ်အဆောက်အအုံ နှစ်လုံး၊ စားသောက်ဆိုင်နှင့် လူနေ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ ဂိုဒေါင် ၁၂ လုံး၊ ခြောက်ထပ်ဟိုတယ် တစ်လုံး၊ GYM အားကစားခန်းမ တစ်ခု၊ နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ လေးထပ်ဆေးရုံ အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် Canteen အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ် ဈေးဆိုင်အဆောက်အအုံ နှစ်လုံး၊ သုံးထပ် လူနေလိုင်းခန်း အဆောက်အအုံ သုံးလုံး စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံး တည်ရှိခဲ့သည်။

### ဖြိုချဖျက်ဆီးလျက်ရှိ

ထို့ပြင် ပန်းခြံများ၊ အားကစားရုံများ၊ ဖူဆယ်ကွင်းများ၊ ပိုက်ကျော်ခြင်းကွင်းများ၊ ဘတ်စကက်ဘော ကွင်းများလည်း တည်ရှိပြီး ယခုအခါ ယင်းနယ်မြေအတွင်းရှိ အဆောက်အအုံများအားလုံးကို ဖြိုချဖျက်ဆီးလျက်ရှိရာ အဆောက်အအုံ ၁၀၁ လုံးကို ဖြိုချဖျက်ဆီးပြီး ကျန်ရှိသည့် ၄၇ လုံးကိုလည်း ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်မြေအတွင်း နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကို

စာမျက်နှာ ၄ သို့



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။




KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*

တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ကြောင်း သိရသည်။

**နယ်မြေစစ်ဆေးရှင်းလင်း**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေး ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးဖော်ထုတ်**

အဆိုပါမြဝတီ-မဲ့ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၇၆၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**အောင်ဂျိုး**

**ဓာတ်ပုံ-မင်းမင်း**

# ပြည်တွင်း/ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် တာဝန်ထမ်းဆောင်ပြီးချိန်တွင် ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အလုပ်သမားဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုပါက ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များရှာဖွေပေးခြင်း၊ အလုပ်အကိုင်လိုအပ်သည့် လုပ်သားစာရင်းနှင့် အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များကို စာရင်းပြုစုခြင်းနှင့် စိစစ်ရွေးချယ်ခြင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဘာသာစကား၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း၊ လုပ်ငန်းခွင်ကျွမ်းကျင် သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေလွှတ်ခြင်းစသည့် လုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကို ပြည်တွင်းအလုပ်အကိုင် ဆန္ဒပြုသူများအတွက် ပြည်တွင်းအလုပ်အကိုင်နေရာများတွင် ခန့်ထားနိုင်ရေး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရိုင်/မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရှင်များ ပေးပို့ထားသည့် အမှာစာပါ အလုပ်အမျိုးအစားများတွင် မိမိတို့နှင့်ကိုက်ညီသည့် အလုပ်အကိုင်များကို ရွေးချယ်စေကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ဆန္ဒပြုသည့် လုပ်ငန်းနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ဒူးရင်းသီးများကို ပြည်ပဈေးကွက်ရရှိနိုင်ရေးဆောင်ရွက်မည်

မြန်မာနိုင်ငံမှ ထွက်ရှိသော ဒူးရင်းသီးများကို ပြည်ပဈေးကွက်ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတင်ပို့ ရောင်းချသူများအသင်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးဦးအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးနှင့် တရုတ်ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးခန့် တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်မည်ဟု ဆိုသည်။

"ပြည်ပဈေးကွက်ရရှိဖို့ အသင်းအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီးမြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ဒူးရင်းသီးစားသုံးမှုဈေးကွက်မှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးလောက်ရှိတယ်လို့ သိရတယ်" ဟု ၎င်းအသင်းမှ အသင်းဝင်တစ်ဦးက ပြောသည်။

မြန်မာ့ဒူးရင်းသီးများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးတင်ပို့ ရောင်းချသူများအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုင်ငံအဆင့် ဖွဲ့စည်းထားကြောင်း သိရသည်။

"လာမယ့် ၂၀၂၇ ခုနှစ်မှာ ပြည်ပနိုင်ငံတွေကို မြန်မာ့ဒူးရင်းသီးတွေ တင်ပို့ရောင်းချနိုင်တဲ့အထိ ဈေးကွက်ဖော်ဆောင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ပြည်တွင်းဈေးကွက်ကို အဓိကအားထားရောင်းချနေရတယ်" ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ ဒူးရင်းသီးမျိုးကွဲပေါင်း ၁၈ မျိုးရှိသည့်အနက်



ပြည်ပဈေးကွက်ဝင် ဒူးရင်းသီးမျိုးစိတ်များကို ဖော်ထုတ်၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဟု သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၄၉

ရက်

သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည်တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၈

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်တို့နှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည် တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည် တည်ဆောက်မည့် အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာမြို့ပြနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)တို့မှ တာဝန်ရှိသူတို့က ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ တည်ဆောက်ရန်လျာထားသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းများအမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး၊ မြေစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒီဇိုင်းပုံစံများ ဆောင်ရွက်ပြီးဖြစ်၍ အမြန်ဆုံးမြေပြင်တွင် စတင်ဆောင်ရွက်ရန်နှင့် တည်ဆောက်ဆဲ ကာလအတွင်း စံချိန်စံညွှန်းပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးအတွက် အရည်အသွေးထိန်းသိမ်းရေး အဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန်၊ လိုအပ်သည်များရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရောဝတီတံတား(ရတနာပုံ)သို့ သွားရောက်၍ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပျက်စီးမှုအပိုင်းအလိုက် ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတံတား (ရတနာပုံ)သည် ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်၍ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းအသုံးပြုနိုင်စေရေးအတွက် မော်တော်ယာဉ်များ၏ ခံနိုင်ဝန်ကို စနစ်တကျ တွက်ချက်၍ နေ့စဉ်မှတ်တမ်းထားရှိ ဆောင်ရွက်ရန် လိုပါကြောင်း၊ တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားပေါ်တွင် ယာဉ်ကြီး/ယာဉ်ငယ်များ ခွင့်ပြုတန်ချိန်အတိုင်း ဖြတ်သန်းသွားလာနိုင်ရေး စစ်ဆေးကြပ်မတ်ပေးရန်တို့ကို မှာကြားသည်။

ဧရာဝတီတံတား (ရတနာပုံ)သည် မန္တလေးငလျင်ကြီးကြောင့် တံတားအစိတ်အပိုင်းများ ထိခိုက်ပျက်စီးသွားသည့်အတွက် ပထမဦးစားပေးအနေဖြင့် ပြုပြင်ခဲ့ရာ Bracing လဲလှယ်ခြင်း ၃၂ နေရာလုံးပြီးစီး၍ Gusset Plate လဲလှယ်ခြင်းမှာလည်း ၆၈ နေရာအားလုံးလဲလှယ်ပြီးဖြစ်၍ ခရီးသည်တင်ယာဉ်နှင့်၁၂ဘီး ကုန်တင်ယာဉ်များအား ၂၅ တန်အထိ ဖြတ်သန်း ခွင့်ပြုထားသည်။

ဒုတိယဦးစားပေး လုပ်ငန်းများဖြစ်သော RP-4 နှင့် RP-5 ၏ Haunch အပိုင်းရှိ Inclined Member နှင့် Vertical Member များအား ထပ်မံအားဖြည့်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ မူလအတိုင်း ဖြတ်သန်းသွားလာနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နန်းဦးမြို့သစ်ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးက ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုအခြေအနေ၊ အရာထမ်း/အမှုထမ်းများအတွက် အဆောက်အအုံ ခုနစ်လုံးအား မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)မှ အသစ်ပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဒီဂရီကောလိပ်(မန္တလေး)ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မန္တလေး နိုဝင်ဘာ ၈

ချမ်းအေးသာစံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရန်အတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပညာရေးဒီဂရီကောလိပ်(မန္တလေး)ကျောင်းဝင်းအတွင်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေးဒီဂရီကောလိပ်(မန္တလေး)ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းပင်များရှင်းလင်းခြင်း၊ နေရောင်ခြည်ကောင်းစွာရရှိစေရန်အတွက် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ခြင်၊ ယင်၊ ပိုးကောင်များ ကင်းဝေးစေရန် ရေမြောင်းများအတွင်းရှိ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါရှင်းလင်းရေးလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာမှ တာဝန်ရှိသူများ လူမှုကူညီရေးအသင်းအဖွဲ့များမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အား ကြည့်ရှုစစ်ဆေး

## စီမံကိန်းလုပ်ငန်းများအား ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ၊ စက်ရုံမှူး၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တို့မှ အရာထမ်း၊ အမှုထမ်းများ၊ စက်ရုံတည်ဆောက်ရေး စီမံကိန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်အလိုက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများအား ကြိုတင်ဝယ်ယူစုဆောင်းထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံ၌ စစ်ဆေးပြုပြင်ပြီးဖြစ်သည့် စက်ပစ္စည်းများကိုလည်း စမ်းသပ်မောင်းနှင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းများကို အစဉ်အမြဲ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ဆောင်ရွက်ရသည့် ဦးစီးဌာနဖြစ်၍ စက်မှုလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးတို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဦးစီးဌာနအနေဖြင့် ပြည်နယ်



အတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသီးသီး ရှင်းလင်းတင်ပြရာ စီမံကိန်းလုပ်ငန်းများအား ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်ကြမ်းပြုပြင်ရေး အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများကို ဝန်အားဖြင့် စမ်းသပ်လည်ပတ်နေမှု၊ လေသန့်စင်အလုပ်ရုံတွင် စက်ပစ္စည်းများ စမ်းသပ်မောင်းနှင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

(၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံ (43rd ASEANAPOL Conference) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်၌ နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည့် ညီလာခံဖွင့်ပွဲ အခမ်းအနား၌ ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Kittharath Punpetch က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်မိန့်ခွန်းပြောကြားသည်။

ညီလာခံသို့ အာဆီယံ ရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ဆွေးနွေးဖက်များ ဖြစ်ကြသော ဩစတြေးလျနိုင်ငံ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)၊ အမေရိကန်အမျိုးသား ထောက်လှမ်းရေးဗျူရို (Federal Bureau of Investigation–FBI) နှင့် လေ့လာဖက်များဖြစ်ကြသော ကနေဒါနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ရဲချုပ်များအသင်း (International Association of Chiefs of Police–IACP)၊ ပြင်သစ်နိုင်ငံ၊ ဖီဂျီနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC)၊ အီတလီနိုင်ငံ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ပင်လယ်ကွေ့နိုင်ငံ ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council Police–GCCPOL) တို့မှ ပြည်ထဲရေးဝန်ကြီး၊ ရဲချုပ်များ၊ ဒုတိယ ရဲချုပ်များ၊ အကြီးတန်းရဲအရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံ ဖွင့်ပွဲအပြီးတွင် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို သီးခြားစီကျင်းပကြပြီး အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာအဆင့်မြင့် ရဲအရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးများ၌ မူးယစ်ဆေးဝါးကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်မှုခင်း၊ ငွေကြေးဆိုင်ရာမှုခင်း၊ ဆိုက်ဘာမှုခင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာမှုခင်း စသည့်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံရဲအဖွဲ့ အီလက်ထရောနစ် သတင်းအချက်အလက်စနစ် (Electronic ASEANAPOL Database System–e–ADS) အသုံးပြုမှု မြှင့်တင်ရေး၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် အကူအညီပေးရေး (Mutual Assistance in Criminal Matters)၊ အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများအကြား သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးနှင့် အာဆီယံရဲအဖွဲ့၏မှုခင်းဆေးသိပ္ပံကွန်ရက် (ASEAN Police Forensic Science Network–APFSN) အသုံးပြုမှုမြှင့်တင်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နှင့် လေ့လာဖက်နိုင်ငံ/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်သည့် ပထမအကြိမ်စုံညီ အစည်းအဝေးကို ကျင်းပရာ အစည်းအဝေး၌ (၄၂) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်က အဖွင့်အမှာစကား ပြောကြားပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံ ပူးတွဲကြေညာချက် (42nd Joint Communique–42nd JC) အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ အစီရင်ခံစာ အကျဉ်းချုပ်ကို ဖတ်ကြားသည်။ ယင်းနောက် အာဆီယံရဲအဖွဲ့ ညီလာခံဥက္ကဋ္ဌ တာဝန်အား ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့၊ ရဲချုပ်ထံသို့ အစီရင်ခံစာ အကျဉ်းချုပ်နှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ (၁၄) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့် အချက်များကို ထပ်မံဆွေးနွေးအတည်ပြုသည့် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကိုပြုလုပ်သည်။ ယင်းနောက် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကိုပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို ဆက်လက်ကျင်းပသည်။ မွန်းလွဲပိုင်းတွင် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့က ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ် စုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေး၌ ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများမှ ရလဒ်များနှင့် (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံ ပူးတွဲကြေညာချက်တွင် ထည့်သွင်းမည့် အချက်များကို သက်ဆိုင်ရာ အစည်းအဝေးသဘာပတိများက ရှင်းလင်းဖတ်ကြား တင်ပြခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ညီလာခံပိတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပူးတွဲကြေညာချက် (43rd Joint Communique– 43rd JC) ကို အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ 43rd JC ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြမည့် အွန်လိုင်းအသုံးပြုလိမ်လည်မှု ကျူးလွန်နေသော အဖွဲ့အစည်းများအား နှိမ်နင်းတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Bangkok Joint Declaration on eliminating scam centres linked to trafficking in persons for forced criminality) ကိုလည်း အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့အလုပ်သမားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်သူ့အလုပ်သမားပါတီ ဥက္ကဋ္ဌ ဦးကျော်ဇင် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည် - အဆိုပါ ဟောပြောချက် စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

၁။ မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီကိုယ်စား ဟောပြောမယ့် ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌတာဝန်ကို ယူထားတဲ့ ဦးကျော်ဇင် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာဆိုရင် ၂၀၁၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုဆိုရင် သက်တမ်းအားဖြင့်(၈)နှစ်ကျော်လာခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီ(၈)နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူအပေါင်းတို့ကို ကျွန်ုပ်တို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှနေပြီး ကူညီဆောင်ရွက်ပေးခဲ့မှုများကို ပါတီနှင့်နီးစပ်သူများနဲ့ လာရောက်အကူအညီတောင်းခံခဲ့ကြတဲ့ ကာယကံရှင်လုပ်သားပြည်သူများ အသိပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီအနေဖြင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအစိုးရလက်ထက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအသစ်နဲ့ ပြန်လည်မှတ်ပုံတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းရုံးမည့်ပါတီအနေဖြင့် ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၌ ကျွန်တော် ဦးကျော်ဇင်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင် ဦးရန်နောင်စိုးမြင့်၊ ရွှေပြည်သာမြို့နယ်တွင် ဦးညွန့်ဝင်းတို့က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

၂။ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား - ကျွန်တော်တို့ပါတီရဲ့ အခြေခံမူဝါဒနှင့်လမ်းစဉ်ကို ဦးစွာတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ တည်ထောင်စဉ် ကတည်းက ချမှတ်ထားတဲ့ အဓိက မူဝါဒကတော့ လူလူချင်းခွဲခြားဆက်ဆံမှုကင်းဝေးပြီး နိုင်ငံသားလုပ်သားပြည်သူတိုင်း ဥပဒေရဲ့အောက်တွင် တန်းတူညီမျှအခွင့်အရေးရရှိဖို့ အရေးပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေဟာဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲလမ်းစဉ်ဖြင့်သာ ပြည်သူအပေါင်း လိုလားသောကိုယ်စားလှယ်ကို ရွေးချယ်နိုင်မှာဖြစ်သလို ရွေးကောက်ပွဲနည်းလမ်းတစ်ခုတည်းနှင့်သာ ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပါတီအားလုံး ဥပဒေနှင့်အညီ တန်းတူအခွင့်အရေးရရှိရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်ရေးအပြင် မဲဆန္ဒရှင်များ မှန်ကန်တိကျစေရေးနဲ့ မဲပေးနိုင်မယ့် လူတိုင်းမဲပေးခွင့်မဆုံးရှုံးစေရေးတို့အတွက် ဥပဒေနှင့်အညီ မဲစာရင်းများ မှန်ကန်စွာ ဆောင်ရွက်နိုင်မှသာလျှင် စစ်မှန်၍တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီးကာလတို့တွင် ကျွန်တော်တို့ တစ်ပါတီချင်းသော်လည်းကောင်း၊ ပါတီများစုပေါင်း၍ သော်လည်းကောင်း ထိုအချိန်က တာဝန်ယူခဲ့သော ရွေးကောက်ပွဲကော်မရှင်သို့ မဲဆွယ်စည်းရုံးမှုများတွင် တရားမျှတမှုမရှိခြင်း၊ မဲစာရင်းများမှားယွင်းနေခြင်းတို့ကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း လျစ်လျူရှုခြင်းခံခဲ့ရတာကိုလည်း အသိပေးပြောကြားလိုပါတယ်။ အဲဒါရဲ့ အကျိုးဆက်အနေနဲ့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရဲ့ မဲစာရင်းမှားယွင်းမှု၊ မဲမသမာပြုမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအနေနဲ့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း ရွေးကောက်ပွဲကြီးကို ကျင်းပပေးခြင်းအပေါ် ကျွန်တော်တို့နိုင်ငံရေးပါတီများသာမက လုပ်သားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ရဲ့ အခွင့်အရေးကို မိမိတို့လက်နဲ့ ပြန်လည်ရယူပြီး ပါတီစုံဒီမိုကရေစီလမ်းပေါ် ပြန်လည်လျှောက်လှမ်းရမည်ဖြစ်ပါတယ် ခင်ဗျား။

၃။ ကျွန်တော်တို့ပါတီအနေဖြင့် ပြည်သူများရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ကြီးပေါ်ပေါက်လာတဲ့အခါ အဓိကထားဆွေးနွေးလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင်ဖြင့် မည်သည့်အစိုးရအုပ်ချုပ် အုပ်ချုပ်တိုင်းပြည်တိုးတက်ဖို့ရာ ဝေးနေဦးမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့ တိုင်းပြည်ဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တယ်ဆိုတာ **ပြည်တွင်းပဋိပက္ခတွေရဲ့** ဒုက္ခပေးမှုလို့ပဲ တင်ပြချင်ပါတယ်။ **ပြည်တွင်းပဋိပက္ခဖြစ်နေတဲ့** ဒေသတွေမှာဆိုရင်ဖြင့် ပညာရေး၊ ကျန်းမာရေးကအစ နှောင့်နှေးကြန့်ကြာနေမှာဖြစ်သလို ကျန်ဒေသတွေမှာဆိုရင်ဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ လူမှုအဆင့်အတန်း နိမ့်ကျနေတယ်ဆိုတာကို လုပ်သားပြည်သူတို့ မျက်မြင်ပဲဖြစ်ပါတယ်။ အဲ့ဒီလို လူမှုဘဝမစည်ပင်တာကြောင့် ကျွန်တော်တို့နိုင်ငံသား အလုပ်လုပ်နိုင်တဲ့ အရွယ်တွေဟာဆိုရင်ဖြင့် နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သက်ဆိုင်ရာ နိုင်ငံကသူတွေ မလုပ်ချင်တဲ့အလုပ်၊ မလုပ်နိုင်တဲ့ အလုပ်တွေကို လုပ်ကိုင်နေရတာဆိုရင်ဖြင့် စစ်တမ်းများအရ တစ်နှစ်ထက်တစ်နှစ်တိုးလာတာကို ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။ အဲ့ဒီလိုဖြစ်ရတာဟာ နိုင်ငံသားတွေမှာသာ ထိခိုက်ရုံသာမက နိုင်ငံတော်အတွက်လည်း လုပ်အားဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်စေတဲ့အတွက် ကုန်ထုတ်စွမ်းအားကျဆင်းပြီး နိုင်ငံဖွံ့ဖြိုးမှု နောက်ကျစေတယ်လို့ ကျွန်တော်မြင်မိပါတယ်။ ဒါ့အပြင် ထာဝရငြိမ်းချမ်းရေးနဲ့ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ** ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် တာဝန်ယူမှု၊ တာဝန်ခံမှုများထားရှိကာ နားလည်မှုတည်ဆောက်ရမှာ ဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန်ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ အစဉ်ဖြစ်ထွန်းနေမှသာ ကျွန်ုပ်တို့ပြည်ထောင်စုကြီးထာဝရမပြိုကွဲဘဲ အစဉ်ထာဝရ ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိတဲ့ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်ခုတည်းသောလမ်းကြောင်းဖြစ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းကို အစဉ်အလေးထား ထောက်ခံသွားမည်ဖြစ်သည့်အပြင် ပြည်သူအပေါင်းတို့ကလည်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

၄။ လုပ်သားပြည်သူများခင်ဗျား - လူမှုစီးပွားဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံ၊ ဆင်းရဲတဲ့ နိုင်ငံတွေမှာဆိုရင်ဖြင့် အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် လုပ်သားပြည်သူတွေဟာဆိုရင် ရတဲ့လုပ်ခလစာနဲ့ စားဝတ်နေမှုကို ဖြေရှင်းဖို့ ခက်ခဲတယ်ဆိုတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းဖို့ဆိုရာတွင် ကျွန်တော်တို့ ပြည်တွင်းလိုအပ်ချက်တွေကို ပြည်ပကနေ တင်သွင်းမှုနည်းအောင် ပြည်တွင်းမှာ ကိုယ်ပိုင်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ဖို့ အဓိကလိုအပ်ပါတယ်။ အဲ့ဒီလို လုပ်ဆောင်နိုင်ဖို့အတွက်ကလည်း အခြေခံအဆောက်အအုံတွေဖြစ်တဲ့ နေရာနဲ့ ကုန်ကြမ်း ကျွန်တော်တို့ တိုင်းပြည်မှာရှိပါသော်လည်း နည်းပညာနဲ့ လျှပ်စစ်ကဏ္ဍတွင် အားနည်းတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျာ။ ကြားသိရတဲ့သတင်းများအရ နိုင်ငံတော်တွင် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အဏုမြူစွမ်းအင်အသုံးပြုပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်အောင် ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲ ရုရှားနိုင်ငံသို့ သွားရောက်တဲ့ ခရီးစဉ်မှာလုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အနာဂတ်ကျွန်တော်တို့နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တော့မှာ ဖြစ်ပါတယ်။ အဓိက လိုအပ်တဲ့ နည်းပညာအတွက်ဆိုရင်ဖြင့် ကျွန်တော်တို့ နိုင်ငံသားတွေ ပညာတတ်ဖို့ လိုအပ်ပါတယ်။ အမျိုးသားပညာရေးအခန်းကဏ္ဍကို ပြောကြားရလျှင် ၎င်းနဲ့ ဆက်စပ်နေတဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကိုပါ ထည့်သွင်းပြောကြားရမှာဖြစ်ပါတယ်။ ကျန်းမာရေးမပြည့်စုံရင်ဖြင့် ပညာရေးလည်းမလုပ်နိုင်သလို အခြားအခြားသော မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ အမျိုးသားကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ရာမှာလည်း ယနေ့လူငယ်တွေရဲ့ ကျန်းမာရေးဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ ယနေ့လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရင်ဖြင့် ကျွန်တော်တို့အနေနဲ့ လွန်စွာမှအားမရပါဘူး။ အဓိကအားဖြင့် လူငယ်များ ကျန်းမာကြံ့ခိုင်ဖို့ဆိုတာ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ဖို့နဲ့ သင့်တင့်သောကျန်းမာရေးလိုက်စားမှုများ ပြုလုပ်စေရေးတို့ကို အလေးထားဆောင်ရွက်မှာ ဖြစ်ပါတယ်။ သို့မှသာ တိုင်းပြည်အတွက် အားကိုးအားထားပြုရမယ့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ တတ်စွမ်းသမျှ ပြည်သူတွေရဲ့ လူမှုဘဝကိုကာကွယ်ဖို့၊ လူငယ်တွေဘဝကို ကာကွယ်ဖို့ မူးယစ်ဆေးတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပညာရေးမှာ ကြည့်ပြန်တော့လည်း စီးပွားရေးက အဆင်မပြေလို့ ပညာရေးတစ်ပိုင်းတစ်စနဲ့တင် အဆုံးသတ်လိုက်တာက များလာတာကို တွေ့ရတဲ့အတွက်လည်း ပညာတတ်ရှားပါးမှုကို ရင်ဆိုင်လာရပါတယ်။ ဒီလိုသာ တဖြည်းဖြည်းနဲ့ ပညာရေးဘက်မှာ အားနည်းလာရင် ကျွန်တော်တို့တိုင်းပြည်ဟာ အနာဂတ်မှာ ဒုက္ခဖြစ်ဖို့သာ ရှိပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့်လည်း အမျိုးသားပညာရေးနဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကို အမျိုးသားရေးအမြင်နဲ့ ဦးစားပေးဆောင်ရွက်ရန် အစဉ်အလေးထား တိုက်တွန်းသွားမှာဖြစ်သည့်အပြင် ပါတီအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

၅။ လုပ်သားပြည်သူများခင်ဗျား - ဆက်လက်၍ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီရဲ့ နိုင်ငံရေးမူဝါဒကိုတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေဖြင့် အမျိုးသားရေးကို ဘယ်သောအခါမျှ သစ္စာဖောက်မှာ မဟုတ်ဘူးဆိုတာကို ရဲရဲကြီးအာမခံပါတယ်။ အမျိုးဘာသာ၊ သာသနာကို ဘယ်တော့မှ ကိုယ်တိုင်လည်း မစော်ကားသလို တစ်ပါးသူထိပါးစော်ကားလာရင်လည်း လုံးဝ လက်ခံမှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုကြီးအကျိုးကို နိုင်ငံရေးနဲ့ အစဉ်တည်တံ့စေရန်ဆောင်ရွက်တဲ့အခါမှာ အမျိုးသားရေးကို သစ္စာမဖောက်တဲ့ အဖွဲ့အစည်းအားလုံးနဲ့ လက်တွဲဆောင်ရွက်နိုင်တယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ အဓိကအနေနဲ့ **ဒို့တာဝန်အရေး (၃) ပါး**ကို ကာကွယ်သောမြန်မာ့တပ်မတော်ကို အမျိုးသားနိုင်ငံရေးလုပ်သောအဖွဲ့အစည်းအမြင်နဲ့ အစဉ်လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်ရင် ၎င်းတို့ရဲ့အမျိုးသားအကျိုးစီးပွားကို အဓိကထားတာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့တိုင်းရင်းသားများလောက် ဘယ်ပြည်ပနိုင်ငံသားကမှ ပိုအလေးထား၊ ပိုချစ်တယ်ဆိုတာ ယုံနိုင်စရာမရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်သားပြည်သူတို့ရဲ့ စည်းရုံးစုပေါင်းမှုနှင့် ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့သတင်းတွေကိုကြည့်ရှုဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ အားနည်းတဲ့နိုင်ငံတွေဟာဆိုရင်ဖြင့် တိုင်းတစ်ပါးသြဇာခံဖြစ်သွားကြတာကို ကျွန်တော်တို့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီ ဥပမာတွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့ တိုင်းပြည်အနေဖြင့် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့ပြည်ထောင်စုကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

၆။ ဆက်လက်၍ အထွေထွေကဏ္ဍကို ဆွေးနွေးပြောကြားရလျှင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ သမိုင်းကို ပြန်ကြည့်ရင်ဖြင့် အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသော ကျောင်းသားလူငယ်များဟာဆိုရင်ဖြင့် မိမိပစ္စုပ္ပန်မှာ လုပ်ဆောင်နေတဲ့ကိစ္စတွေကို တာဝန်တစ်ရပ်လို တာဝန်ကျေပွန်စွာလုပ်ဆောင်နိုင်ပါမှ နိုင်ငံတော်ကြီးဟန်ချက်ညီညီ တိုးတက်မည်ကိုလည်း သတိချပ်စေချင်ပါတယ်။ အိမ်ရှင်မတစ်ဦးအနေဖြင့် ထမင်းချက်နေသည်ပင်လျှင် နိုင်ငံရေးနဲ့ပတ်သက်နေတယ်လို့ဆိုချင်ပါတယ်။ ထိုနည်းတူစွာပဲ ပညာကိုကောင်းမွန်စွာသင်ကြားခြင်းဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်ဖုံ ပံ့ပိုးနေခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာဆိုရင် ပညာသင်ကြားရမယ့် ကလေးသူငယ်တို့ကိုလည်း အနှောင့်အယှက်ဖြစ်စေဖို့ လုပ်ဆောင်ခဲ့ကြတာတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ၎င်းတို့တာဝန်ဝတ္တရားများ ကောင်းမွန်စွာမထမ်းဆောင်နိုင်စေရန် အမျိုးမျိုးနှောင့်ယှက်ခဲ့ကြတာကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ အဲ့ဒီလိုလုပ်ခဲ့တဲ့ ရလဒ်နဲ့အကျိုးဆက်အနေဖြင့် ဘာတွေခံစားခဲ့ရတယ်ဆိုတာကို လုပ်သားပြည်သူတို့ အသိပင်ဖြစ်ပါတယ်။ အဲ့ဒီလိုပြုမူခဲ့ကြခြင်းရဲ့ ရလဒ်အနေနဲ့ ထိခိုက်နစ်နာမှုကို ခံစားရသည်မှာ ကျွန်တော်တို့လုပ်သားပြည်သူများနဲ့ ကျွန်တော်တို့နိုင်ငံတော်ပင်ဖြစ်ပါတယ်။ ဖြစ်ခဲ့တဲ့အတိတ်ဖြစ်စဉ်တွေကို ကျွန်တော်တို့ သင်ခန်းစာယူပြီး နောက်နောင်အလားတူဖြစ်ရပ်မျိုး ထပ်မဖြစ်အောင် ကျွန်တော်တို့ အားလုံးဝိုင်းဝန်းကာကွယ်ခြင်းဖြင့် လူငယ်တို့ရဲ့ အနာဂတ်ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

၇။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုရာတွင် အဂတိတရားကင်းရှင်းဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ အဂတိတရားကင်းရှင်းဖို့ဆိုရာဝယ် ၎င်းတို့မိသားစုစားဝတ်နေမှု ဖူလုံလုံလောက်ဖို့ အရေးကြီးတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ အဲဒီတော့ ခေတ်မီတိုးတက်မှုနဲ့အတူ မြင့်တက်လာတဲ့ ကုန်ဈေးနှုန်းကို ကာမိနိုင်အောင် လစာရရှိပါမှ နိုင်ငံ့ဝန်ထမ်းများဘဝ လူတန်းစေ့နေနိုင်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တွေ့ရှိနေရတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ဘဝကို ဥပမာအနေနဲ့ တင်ပြလိုပါတယ်။ တစ်သက်လုံး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်လို့ပင်စင်ယူတဲ့အခါ နေစရာကမရှိ၊ ကြီးမြင့်လှတဲ့ အိမ်ငှားခတို့ရဲ့ နှိပ်စက်မှု၊ ကုန်ဈေးနှုန်းကို လိုက်မမီတဲ့ ပင်စင်လစာတို့ကြောင့် အသက်အရွယ် အိုမင်းမစွမ်းကာမှ အတိဒုက္ခရောက်နေရတာကို စိတ်မကောင်းစွာတွေ့မြင်နေရပါတယ်။ ယခုသတင်းများအရ စစ်မှုထမ်းအိမ်ရာဖော်ဆောင်နေမှုကို နိုင်ငံတော်အကြီးအကဲသွားရောက်ကြည့်ရှုစစ်ဆေးနေတာတွေ့ရလို့ တပ်မတော်သားဟောင်းကြီးများအတွက် ကျွန်တော်တို့ လွန်စွာ ဝမ်းမြောက်မိပါတယ်။ အဲ့ဒီလိုပဲ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့အပါအဝင် အခြားခြားသော နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသော ဝန်ထမ်းကောင်းဖြစ်ခဲ့တဲ့ ဝန်ထမ်းဟောင်းကြီးများအတွက်လည်း စိတ်အေးသက်သာစွာ နေထိုင်နိုင်ရန်အတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် အစဉ်တိုက်တွန်း ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။

၈။ ကျွန်တော်တို့ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူများကို ဘာတွေလုပ်ပေးမယ်ဆိုပြီး ကျွန်တော်တို့ ဘယ်သောအခါမှ လိမ်လည်ကတိပေးနေမှာ မဟုတ်ပါဘူး။ ပြည်သူ လိုအပ်တာကို လုပ်ပေးမယ်ဆိုပြီးတော့လည်း အိပ်မက်တွေပေးနေမှာမဟုတ်ပါဘူး။ အိပ်မက်ဆိုတာ အိပ်ရာကနိုးရင် အားလုံးပျောက်ကွယ်သွားမဲ့အရာတွေပါ။ ကျွန်တော်တို့အနေနဲ့ စွမ်းအားရှိသလောက် လုပ်သားပြည်သူတို့နဲ့အတူ မတရားမှုတို့ကို ဥပဒေနဲ့အညီ တိုက်ပွဲဝင်ပါ့မယ်ဆိုတဲ့ ကတိကို ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ သေချာပေးနိုင်ပါတယ်။ ဒါ့အပြင် လုပ်သားပြည်သူတို့ဘက်ကလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီတိုင်းပြည်ကြီး ပေါ်ထွန်းလာအောင် မဲရုံသို့သွားရောက်ပြီး မပျက်မကွက် နိုင်ငံသားတာဝန်ကျေပွန်အောင် မဲပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး (ခ) ဦးကျော်စွာအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



လေးစားရပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်ကတော့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ (၆.၁၁.၂၀၁၂) ခုနှစ်မှာ တောင်သူလယ်သမားကြီး (၂၁) ဦးနဲ့ စတင်ထူထောင်လာခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းထူထောင်စဉ်က နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ပါတီတစ်ခုရဲ့ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်လို့ ထူထောင်ခဲ့ခြင်း မဟုတ်ပါဘူး။ ရင်ထဲမှာ ဒီတောင်သူလယ်သမားတွေရဲ့ ဘဝအမှန်ကို တိုင်းသိ ပြည်သိ ကမ္ဘာသိအောင် လွှတ်တော်ထဲ အရောက်သွားပြီး တင်ပြနိုင်ဖို့နဲ့ ပြောပိုင်ခွင့်သာရှိတဲ့ တောင်သူလယ်သမားဘဝကနေ လုပ်ပိုင်ခွင့်ရှိတဲ့ တောင်သူလယ်သမားတွေရဲ့ ပါတီဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ တောင်သူလယ်သမားပါတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၈၆)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ တောင်သူလယ်သမားစစ်စစ်ကြီးတွေဟာ စိတ်ဓာတ်ကသာ ပြင်းထန်ပြီး နိုင်ငံရေးဆိုတဲ့ အတွေ့အကြုံနည်းတော့ ပြေးကားပြေး၏ ပန်းတိုင်မရောက်ဖြစ်ကာ ရွေးကောက်ပွဲအောင်နိုင်ခြင်းမရှိ ဖြစ်ခဲ့ရပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ ကျေးလက်နေပြည်သူဟာ တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်း ရှိပြီး အားလုံးဟာ စိုက်ပျိုး၊ မွေးမြူရေးကို လုပ်ကိုင်နေကြတဲ့ ကျေးလက်နေ တောင်သူလယ်သမားများသာ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံသားအားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများသာ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ဒီမိုကရေစီလည်း နားမလည်ဘူး၊ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး။ သူတို့ရဲ့ ဘဝမှာ စားဝတ်နေရေးနဲ့ပဲ လုံးပန်းနေတော့ ဘာမှမလေ့လာနိုင်ဘူး ဖြစ်နေကြပါတယ်။ ဒါတွေကို ကူညီဖြေရှင်းဖို့ ဘဝတူတောင်သူလယ်သမားပါတီက ကူညီဆောင်ရွက်သွားမယ်လို့ ပြောကြားပါရစေခင်ဗျာ။

တိုင်းသူပြည်သားအားလုံးဟာ ခေတ်ကျပ်တဲ့ကာလအတွင်းမှာ စီးပွားရေးများ အဘက်ဘက်က မလုပ်နိုင်ကြတော့တဲ့အတွက် စားဝတ်နေရေးကျပ်တည်းကြတာ ဘယ်သူမှငြင်းလို့မရကြပါဘူး။ ယခုလာမဲ့ ရွေးကောက်ပွဲအပြီးမှာ အစိုးရသစ် ပေါ်ပေါက်လာတော့မှာဖြစ်တဲ့ အတွက် နိုင်ငံရေးအပြောင်းအလဲတွေ ရှိလာတော့မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပြောင်းလဲလာရင် စီးပွားရေးလည်း ကောင်းမွန်လာမယ်ဆိုတာ သေချာပေါက်ဖြစ်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။ တိုင်းသူပြည်သားအားလုံးဟာ တိုက်ပွဲတွေဖြစ်တာရော၊ နိုင်ငံရေးပဋိပက္ခတွေဖြစ်တာရော စိတ်မဝင်စားကြဘူး၊ သူတို့စိတ်ဝင်စားတာ စီးပွားရေးတစ်ခုပဲဆိုတာ သိပါတယ်။ တိုင်းပြည်တည်ငြိမ်မှ စီးပွားရေးကောင်းမွန်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးရင် အရပ်သားအစိုးရတစ်ရပ်ပေါ်ပေါက်လာရင် တိုင်းပြည်တည်ငြိမ်သွားဖို့ သေချာသွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ပြည်ထောင်စုတစ်ဝန်းလုံးပြိုင်တဲ့ ပါတီကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်စားလှယ်တော်များဟာလည်း လူငယ်လူရွယ်များနဲ့ တကယ့်မြေပြင်မှာ လက်တွေ့လုပ်ငန်း လုပ်ဆောင်တဲ့ သူတွေ များစွာပါဝင်ကြပါတယ်။ ရွေးကောက်ပွဲစနစ်ဟာ ဟိုးအရင်တုန်းကလို မဟုတ်တော့ဘဲ FPTP စနစ်၊ PR စနစ် ရောနှောပြီး လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်ပါတီရဲ့ ကိုယ်စားလှယ်များဟာ လွှတ်တော်ထဲကို အထိုက်အလျောက် ရောက်ရှိကြမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပြည်သူတွေအပေါ်မှာ ကိုယ်ချင်းစာစိတ်ထားဖို့၊ ရိုင်းပင်းကူညီဖြေရှင်းဖို့၊ ပြည်သူတွေအပေါ်မှာ စိတ်ရင်းစေတနာကောင်းကောင်းထားပြီး သူတို့ရဲ့ ဘဝအခက်အခဲတွေကို လိုက်ပါဆောင်ရွက်ဖို့ပဲ အထူးမှာကြားထားပါတယ်ခင်ဗျာ။

ကျွန်တော်တစ်ခုလောက် တိုင်းသူပြည်သားတွေကို တင်ပြလိုပါတယ်။ အဲဒီအချက်ကတော့ အရေးကြီးဆုံးဖြစ်တဲ့ ဆင်းရဲမွဲတေမှုဆိုတဲ့ တိုင်းပြည်ရဲ့ ဘုံရန်သူကို တိုက်ထုတ်ပစ်ရမှာဖြစ်တယ်။

လူဆင်းရဲရင် စိတ်ဆင်းရဲမယ်၊ စိတ်ဆင်းရဲရင် အမြင်မကြည်လင်တော့ဘူး၊ အမြင်မကြည်ရင် ရန်လိုလာတယ်၊ ရန်လိုလာရင် ငြိမ်းချမ်းမှုဟာ ပျောက်ကွယ်သွားကြပါတယ်။

ဆင်းရဲမွဲတေမှုကို ဘယ်လိုတိုက်ဖျက်ပစ်ရမှာလဲလို့ဆိုရင် ကျွမ်းကျင်သူတွေနဲ့ ပေါင်းစည်းပြီး တိုက်ဖို့လိုပါတယ်။ ကျွမ်းကျင်သူဆိုတာ သူ့နေရာ၊ သူ့ဌာနကို ကျွမ်းကျင်တတ်မြောက်ထားတဲ့သူတွေကို ခေါ်ပါတယ်။

လယ်သမားက လယ်စိုက်တာကို ကျွမ်းကျင်တယ်
စစ်သားက စစ်တိုက်တာကို ကျွမ်းကျင်တယ်
အလုပ်သမားက စက်ရုံ၊ အလုပ်ရုံကိစ္စတွေကို ကျွမ်းကျင်တယ်
ကုန်သည်က အရောင်းအဝယ်ကို ကျွမ်းကျင်တယ်

ဘယ်လုပ်ငန်းမဆို ကျွမ်းကျင်မှ အကျိုးပေးတာ ဖြစ်ပါတယ်။ ဒါတွေကို လူမှန်နေရာမှန်ပြန်ဖြစ်အောင် နေရာချနိုင်ရင် ကျွန်တော်တို့ တိုင်းပြည် ချမ်းသာသွားမယ်ဆိုတာ သဘောပေါက် စေလိုပါတယ်။

နိုင်ငံရေးဆိုတာ အထွေအထူးမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ပြောသွားဖူးပါတယ်။ နိုင်ငံရေးဆိုတာပြည်သူလူထု နိစ္စဓူဝဖြစ်တဲ့ စား၊ ဝတ်၊ နေရေးကို အကျိုးရှိအောင်ဆောင်ရွက်ပေးရတဲ့ အလုပ်ဖြစ်ပါတယ်လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ နားလည်သင်ကြားခဲ့ရတာလည်း နိုင်ငံရေးဆိုတာ လူမှုရေး + စီးပွားရေး = နိုင်ငံရေးလို့ သင်ယူခဲ့ရတာပါ။

လူမှုရေးဆိုတာ အများပြည်သူတို့ရဲ့ဘဝကို ကူညီဆောင်ရွက်ရမယ်၊ ကယ်ဆယ်ရမယ်၊ ရိုင်းပင်းရမယ်၊ မျှတရမယ်ဆိုတဲ့ ကိုယ်ချင်းစာစိတ်မွေးပြီး လုပ်ရတဲ့ အလုပ်ဖြစ်ပါတယ်။

စီးပွားရေးဆိုတာကလည်း မိမိဘဝမြင့်မားတိုးတက်အောင်၊ မိမိပတ်ဝန်းကျင်မြင့်မားတိုးတက်အောင်၊ မိမိတိုင်းပြည် မြင့်မားတိုးတက်အောင်၊ စားဝတ်နေရေး အဘက်ဘက်က မြင့်မားတိုးတက်ပြေလည်အောင်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနှစ်ခုပေါင်းမှ လူမှုရေး + စီးပွားရေး = နိုင်ငံရေးဆိုတာ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် နိုင်ငံရေးဆိုတာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူတွေ ဦးဆောင်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်း ဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း နိုင်ငံ့ဝန်ထမ်းများဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ ပြောထားပါတယ်။

နိုင်ငံ့ဝန်ထမ်းများဟာလည်း ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းပြည်တာဝန်ထမ်းကြတဲ့ ပြည်သူတွေဖြစ်လို့ သူတို့ရဲ့ ဘဝပြည့်စုံဖူလုံဖို့ကလည်း အရေးကြီးလှပါတယ်။ ကုန်ဈေးနှုန်းတွေ တက်လာရင် အရပ်သားပြည်သူတွေအတွက်သာ ဈေးတက်တာ မဟုတ်ပါဘူး၊ တိုင်းပြည်တာဝန် ထမ်းဆောင်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေလည်း အတူတူခံကြရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတံဆိပ်ဟာ နဂါးနီ(၂)ကောင်အပေါ်မှာ လယ်သမားကြီးက မားမားမတ်မတ် ရင်ကော့ပြီး ရပ်နေတဲ့ ပုံစံဖြစ်ပါတယ်။ နဂါးနီရဲ့ အဓိပ္ပာယ်ဟာ ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်မယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတာကြောင့် ဆင်းရဲသားများရဲ့ ဘဝ၊ လယ်သမားများရဲ့ ဘဝကို လမ်းပြဦးဆောင် ပေးသွားမယ်လို့ အဓိပ္ပာယ်ကောက်ယူလို့ ရပါတယ် ခင်ဗျာ။




ဒါကြောင့် အခုလာမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ လယ်သမားပါတီ နဂါးနီကို အားပေးကြပါလို့ ပြည်သူလူထုတစ်ရပ်လုံးကို တောင်းဆိုလိုက်ပါ တယ်ခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးဟာ ရွေးကောက်ပွဲအပြီးမှာ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမယ်လို့လည်း ခန့်မှန်းသိရှိရပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းပြီး (BRI) One Belt One Road စီမံကိန်းကြီးလည်း အကောင်အထည်ဖော်ဆောင်ရွက်တော့မှာ ဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းပြီး ကမ္ဘာ့ဈေးကွက်ကို ချိတ်ဆက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရဲ့ အသီးအပွင့်များကိုလည်း ခံစားရတော့မှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ပြည်သူတွေကို ကတိပေးနိုင်တာကတော့ တခြားကိစ္စအရေးများထက် တိုင်းသူပြည်သားရဲ့ မီးဖိုချောင်ကို သေသေချာချာ ကာကွယ်စောင့်ရှောက်ပြီး မိသားစုအားလုံး စားဝတ်နေရေးပြေလည်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

### ပါတီ၏သီချင်းစာသား

### နဂါးပါတီ

တေးရေး - ရွှေငြိမ်းမင်း
တေးဆို - ရွှေမန်းခေတ်

(မြန်မာနိုင်ငံ တောင်သူလယ်သမား
ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုခဲ့သည် ....
အများတကာညီ တရားမကွာပြီ
နဂါးပါတီ အားသာသည်
ညီညီညာညာစည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည် ......
စိတ်ထားတူညီမဲပေးကြမည် .......
ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ...)၂
(မင်္ဂလာပါ ပြည်သူအပေါင်းတွေ
သောင်းသောင်းဖြဖြကြိုဆိုနေပြီ... နဂါးပါတီ မေတ္တာတရားနဲ့
တိကျပြတ်သား စိတ်ထားနိုင်မာသည် .... မင်္ဂလာပါ
ပြည်သူအပေါင်းတွေ
သောင်းသောင်းဖြဖြ ကြိုဆိုနေပြီ)....
ဒို့တောင်သူလယ်သမားတွေ
တိုးတက်မှုအား ခန့်ညားထည်ဝါသည်
တိုင်းပြည်လူမျိုး ဆတက်ထမ်းပိုး
ကောင်းစားဖို့ အချိန်ခါရောက်လာပြီ
ဘာသာရောင် သာသနာရောင်တွေ
ဝင်းပထိန်ချီ အများတကာညီ
တရားမကွာပြီ နဂါးပါတီ အားသာသည် ...
ညီညီညာညာစည်းလုံးခြင်းနဲ့ .
ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည်
စိတ်ထားတူညီမဲပေးကြမည်
ဒို့နဂါးပါတီအောင်လံ လွှင့်ကာချီ ........၂


ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။


ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိ

နေပြည်တော် နိုဝင်ဘာ ၈

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး(Counter Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများက ကျောက်မဲမြို့အား ခေတ္တထိန်းချုပ်ထားစဉ်ကာလအတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် လျှပ်စစ်ဓာတ်အားများကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျောက်မဲမြို့နယ်ရှိ နမ့်စောင်းဝေါင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီတွင် လက်ခံရရှိခဲ့ပြီး အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ၁၁/၀.၄ ကေဗွီ ၄၀၀ ကေဗွီအေ ရဲစခန်းထရန်စဖော်မာ၊ ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ကမ္ဘောဇထရန်စဖော်မာ၊ ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ လျှပ်စစ်ရုံး ယာယီထရန်စဖော်မာနှင့် ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေ ဆေးရုံယာယီထရန်စဖော်မာတို့အား ဓာတ်အားများ ပို့လွှတ်ပေးနိုင်ခဲ့သည်။

အဆိုပါထရန်စဖော်မာများသို့ ဓာတ်အားပို့လွှတ်ပေးနိုင်မှုကြောင့် ဌာနဆိုင်ရာများ ယာယီရုံး (ကမ္ဘောဇ ရှမ်းကျောင်းကြီး)၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်/မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ခရိုင်စီမံကိန်းရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းရုံး၊ မြို့မရဲစခန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန၊ ပြည်သူ့ဆေးရုံနှင့် ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမတို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ကျန်ရှိသည့်နေရာများအား တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လျှပ်စစ်မီးများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။သတင်းစဉ်


ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာန လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။




ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက် အထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း ရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက် လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်း ဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်




**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| လေဗာကူဆင် | ၆ | - ၀ | ဟိုင်ဒင်ဟိမ်း |
| ဟမ်ဘာတ် | ၁ | - ၁ | ဒေါ့မွန် |
| ဟော်ဖန်ဟိမ်း | ၃ | - ၁ | လိုက်ပဇစ် |
| ယူနီယံဘာလင် | ၂ | - ၂ | ဘိုင်ယန်မြူးနစ် |
| ဂလာဘာတ် | ၃ | - ၁ | ကိုလုံး |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ကိုမို | ၀ | - ၀ | ကယ်ဂလီယာရီ |
| လက်ချီ | ၀ | - ၀ | ဗီရိုနာ |
| ဂျူဗင်တပ် | ၀ | - ၀ | တိုရီနို |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| မာဆေး | ၃ | - ၀ | ဘရက် |

**အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| အဲဗာတန် | ၂ | - ၀ | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | ၃ | - ၂ | ဘန်လေ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ဂျီရိုနာ | ၁ | - ၀ | အလာဗက်စ် |
| ဆီဗီလာ | ၁ | - ၀ | အိုဆာဆူနာ |

# ပြည်သူ့ဆေးရုံကြီး၌ ဆေးဘက်ကျွမ်းကျင်(၃)(ဓာတ်မှန်) (၆)လသင်တန်းဆင်းပွဲ ကျင်းပ



**မကွေး နိုဝင်ဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှု၊ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဦးဆောင်မှုဖြင့် တိုင်းပြည်သူ့ဆေးရုံကြီး ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်) ၆ လ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများ၊ ဓာတ်မှန်ဌာနမှ သင်တန်းဆရာများနှင့် ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်မှန်) ၆ လသင်တန်းသို့ တက်ရောက်ခဲ့သော သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗဟိုအဆင့်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် ပြည်သူ့ဆေးရုံကြီးများတွင် လစ်လပ်နေသည့် ဆေးဘက်ကျွမ်းကျင်-၃(ဓာတ်မှန်)ရာထူးနေရာများ တိုးမြှင့်ခန့်ထားနိုင်ရန် တိုင်းပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့အပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးရှိ ပြည်သူ့ဆေးရုံကြီး ၁၃ ခုတွင် သင်တန်းသားစုစုပေါင်း ၃၀၀ ဦးတို့အား တစ်ပြိုင်နက်တည်း သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့တွင် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ ဒေါက်တာစိမ်းမိုမို ဦးဆောင်သည့်အဖွဲ့မှ သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းပို့ချရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ လမ်းညွှန်ထားရှိသည့် သင်ရိုးညွှန်းတမ်းများ၊ ဆန်းစစ်ခြင်းပုံစံများနှင့်အညီ စနစ်တကျသင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဆေးရုံများတွင်လည်းကောင်း၊ သင်တန်းဆင်းပြီး မကြာမီ ရာထူးတိုးမြှင့်ခန့်ထားပေးမည့် ပြည်သူ့ဆေးရုံကြီးများတွင်လည်းကောင်း လူနာများအကျိုးရှေးရှုပြီး နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ကျင့်ဝတ်နှင့် ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းတစ်ဦး၏ လုပ်ငန်းတာဝန်များအား ကျေပွန်စွာထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းဆင်းများကိုယ်စား သင်တန်းသား၊ သင်တန်းသူတစ်ဦးစီအား သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းဆင်းများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ ဆေးဘက်ကျွမ်းကျင်-၃(ဓာတ်မှန်) ၆လ သင်တန်းကို အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၇ ဦး၊ စုစုပေါင်း ၂၉ ဦးတို့အား မေ ၅ ရက်မှ စတင်၍ ၆ လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မြန်မာ့ရော်ဘာများကို ဝယ်ယူရန်အတွက် ဘယ်လာရုစ်နိုင်ငံ ကုမ္ပဏီတချို့ထံမှ ကမ်းလှမ်းမှုရရှိထား

**မန္တလေး နိုဝင်ဘာ ၈**

မြန်မာနိုင်ငံအတွင်းစိုက်ပျိုးထားသည့် ရော်ဘာများကို ဘယ်လာရုစ်နိုင်ငံရှိ လုပ်ငန်းရှင်များက ဝယ်ယူရန်အတွက် ကမ်းလှမ်းမှုများရရှိထားကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူအသင်းမှ သိရသည်။

ရော်ဘာကုန်ကြမ်းများကို ဝယ်ယူရန်အတွက် ကမ်းလှမ်းမှုများရရှိထားပြီးဖြစ်သဖြင့် ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအစား၊ ဈေးနှုန်းနှင့် တင်ပို့မှုလုပ်ဆောင်ရန်အတွက် စီစဉ်မှုများကိုတော့ လတ်တလောဆွေးနွေးနေသည့်အဆင့်တွင်သာရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံက ရော်ဘာတွေကို ဝယ်ယူချင်တယ်လို့ စကားပြောကမ်းလှမ်းတဲ့ ကုမ္ပဏီတွေရှိတယ်။ ဒီကပေးနိုင်တဲ့ နမူနာတွေကိုလည်း အဲ့ဒီနိုင်ငံမှာရှိတဲ့ ကုမ္ပဏီအချို့ဆီမှာ ရရှိထားပြီဖြစ်တယ်။ အခုတင်ပို့မှု၊ ရောင်းဝယ်မှုကိစ္စရပ်တွေကိုတော့ စကားပြောနေတဲ့အဆင့်မှာပဲရှိသေးတယ်။ ဘယ်လာရုစ်နိုင်ငံကတော့ မြန်မာ့ရော်ဘာတွေကို တင်ပို့မှုတွေတော့ အရင်ကမရှိခဲ့ဖူးပါဘူး"ဟု အဆိုပါအသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရော်ဘာများကိုတင်ပို့ရာတွင် ပင်လယ်ရေကြောင်းလမ်းမှတစ်ဆင့် တင်ပို့မှုများကိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ တင်ပို့ရာတွင် ဈေးနှုန်း၊ ပေးချေရမည့် ငွေအမျိုးအစားများကို ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပေါက်ဈေးနှုန်းထားများအား ကမ္ဘာ့ပေါက်ဈေးနှုန်းထားအတိုင်းရောင်းချနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းစိုက်ပျိုးသော ရော်ဘာများ၏ ၇၅ရာခိုင်နှုန်းအား တရုတ်နိုင်ငံသို့တင်ပို့ရောင်းချနေရပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်နိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

ရော်ဘာအား မြန်မာနိုင်ငံတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးလျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင် အများဆုံးထွက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးမှ ဒုတိယ၊ ကရင်ပြည်နယ်မှ တတိယအများဆုံးထွက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အတူတကွပူးပေါင်း စီးပွားရေးလောကတိုးတက်အောင်မြင်မှုများဖန်တီးရေးဆွေးနွေးပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၈**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အတူတကွပူးပေါင်းဆောင်ရွက်ပြီး စီးပွားရေးလောကတွင် တိုးတက်အောင်မြင်မှုများဖန်တီးနိုင်ရန်၊ အတွေ့အကြုံရှိ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်များ၊ ဗျူဟာများနှင့် စိတ်ခွန်အားပေးမှုများကို ဖလှယ်နိုင်ရန်၊ ဆက်သွယ်မှုကွန်ရက် (Networking) တည်ဆောက်နိုင်ရန်ရည်ရွယ်၍ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)မှ စီစဉ်သည့် "Women Entrepreneurship: Together We Build" မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အတူတကွပူးပေါင်း၍ စီးပွားရေးလောကတိုးတက်အောင်မြင်မှုများဖန်တီးရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂နာရီမှ ညနေ ၃ နာရီခွဲအထိ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ မင်္ဂလာမန္တလေး ပရိုမိုးရှင်းဧရိယာတွင် ကျင်းပမည် ဖြစ်သည်။

စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် မန္တလေးအဝေးသင်တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာမြင့်မြင့်ကြည်၊ ရီရှင်းကုမ္ပဏီမှ ဒါရိုက်တာဒေါ်ရွှေလှ၊ အောင်သမာဓိရွှေဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမှ ဒါရိုက်တာ ဒေါ်ဇင်မိမိအောင်က စီးပွားရေးအတွေ့အကြုံများ မျှဝေကြမည်ဖြစ်ပြီး AIM International College မှ Founder and Principal ဒေါ်မြတ်မွန်ဇော်က Moderator အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)(ဝ၄၅)




# ထောက်ပံ့ငွေပေးအပ်

**ကွန်ဟိန်း နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကိုယ်ဝန်ဆောင် မိခင်များနှင့် အသက် နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီမှစ၍ ကွန်ဟိန်းမြန်မာ့စီးပွားရေးဘဏ်၌ ကိုယ်ဝန်ဆောင်များနှင့် အသက် နှစ်နှစ်အောက် ကလေးများ၊ ကိုယ်တိုင်လာရောက်မထုတ်ယူနိုင်သူများအား ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ငွေများထုတ်ပေးရာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာနှင့် ဝန်ထမ်းများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (ဧပြီလမှအောက်တိုဘာလအထိ)ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရပ်ကွက် (၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၄)အုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၇၃ ဦး၊ အသက် နှစ်နှစ်အောက် ကလေး ၂၅၇ ဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၉,၅၉၅,၀၀၀ အား စည်းကမ်းချက်များနှင့်အညီ စနစ်တကျထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားအုန်းဆီတစ်ပိဿာငွေကျပ် ၇၆၉၀ ဖြင့် ပိဿာ ၂၂၀ ရောင်းချ



**ကျောက်ဆည် နိုဝင်ဘာ ၈**

ကျောက်ဆည်မြို့နယ်တွင် အခြေခံစားသောက်ကုန်ပစ္စည်းဖြစ်သည့် စားသုံးဆီအခက်အခဲမဖြစ်စေရေး ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက စားအုန်းဆီ တစ်ပိဿာငွေကျပ် ၇၆၉၀ ဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ အေးမြကြည်လင်ရပ်ကွက်ပြည်သူများအတွက် ဒေါ်ဇာဇာခိုင်(ဗိုလ်တစ်ထောင်)စားသုံးဆီလက်လီ၊ လက်ကားအရောင်းဆိုင်မှ စားအုန်းဆီ ပိဿာ ၁၁၀၊ တောင်နောက်၊ ချောင်းဆုံကျေးရွာ ပြည်သူများအတွက် ဒေါ်သီတာ(စစ်ငြိမ်း)စားသုံးဆီ လက်လီ၊ လက်ကားအရောင်းဆိုင်မှ ပိဿာ ၁၁၀ စုစုပေါင်း ပိဿာ ၂၂၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၈၅)




## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ ပွဲတော်တွင်ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများ၊ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်မည့် အားကစားပြိုင်ပွဲငယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂိုလ်များအလိုက် တာဝန်ယူဆောင်ရွက်ရမည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မင်းမင်းထွေး

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

**ပုသိမ်ကြီး နိုဝင်ဘာ ၈**



ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့် အပ်ချုပ်စက်သင်တန်းကို ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းမာဦးက အပ်ချုပ်စက် သင်တန်းဆိုင်ရာများနှင့် သင်တန်းများ ဖွင့်လှစ်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြများဖြင့် မိတ်ဆက်ပေးပြီး အဆင့်မြင့် အပ်ချုပ်စက်သင်တန်းသင်ရိုးညွှန်းတမ်းစာအုပ်များအား ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၂၀ ဦးအား နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၅)

*-*-*-*-*-*

## ကျောင်းသားများပါဝင်လှုပ်ရှားမှုတိုးမြှင့်စေရန် ခရိုင်အဆင့်ဆွေးနွေးပွဲ ကျင်းပ

**နမ့်စန် နိုဝင်ဘာ ၈**

ကျောင်းသားများပါဝင်လှုပ်ရှားမှုတိုးမြှင့်စေရန် အစပျိုးအကောင်အထည်ဖော်ရေးလုပ်ငန်း 'Student Participation Initative -SP' ခရိုင်အဆင့်ဆွေးနွေးပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)သရဖီခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ နမ့်စန်ခရိုင်ပညာရေးမှူး ဦးကျော်နိုင်သွင်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာဦးစီးဌာန(ရုံးချုပ်)နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါ်လီလီအောင်က ကျောင်းသားများပါဝင်လှုပ်ရှားမှုတိုးမြှင့်စေရန် အစပျိုးအကောင်အထည်ဖော်ရေးလုပ်ငန်း 'Student Participation Initative-SP' ဆွေးနွေးပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် နောက်ခံအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် မိုးနဲမြို့နယ်အတွင်းရှိ မူလွန်၊ အ·လ·က(ခွဲ)၊ အ·လ·က၊ အ·ထ·က(ခွဲ)၊ အ·ထ·က ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ စုစုပေါင်း ၇၀ ဦး တက်ရောက်လျက်ရှိပြီး နည်းပြ လေးဦးက 'Student Participation Initative -SP' လုပ်ငန်းများကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသ



**ပခုက္ကူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၊ မြေစိုက်ပိုစတာ၌ နိုဝင်ဘာ ၅ ရက် နံနက် ၁၁နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသသည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်များတွင် လူကုန်ကူးမှု ဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ လူကုန်ကူးမှုပုံစံများ၊ ပြည်ပအလုပ်အကိုင်အမျိုးအစားများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများအကြောင်း၊ ဘေးအန္တရာယ်အလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ ပါဝင်သည့် အသိပညာပေး နံရံကပ်စာစောင်များကို စနစ်တကျပြသလျက်ရှိရာ ပြည်သူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ နေ့ထူးနေ့မြတ်ဆိုင်ရာအကြောင်းအရာများ၊ နိုင်ငံတော်အစိုးရ၏တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို လစဉ်ပုံမှန်ပြောင်းလဲပြသပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၄၀)

## ပြည်တွင်း၌ ထောပတ်သီးစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံရန် အိန္ဒိယနိုင်ငံကို ဖိတ်ခေါ်ထား

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်သည့် စက်ရုံသစ်တစ်ခု တည်ဆောက်၍ ရင်းနှီးမြှုပ်နှံရန် အိန္ဒိယနိုင်ငံကို ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၄ရက်က မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီး အရည်အသွေးနှင့် ထောပတ်သီးထွက်ရှိမှု အခြေအနေကို အိန္ဒိယနိုင်ငံသို့ အစီရင်ခံတင်ပြရန် အွန်လိုင်းအစည်းအဝေးကျင်းပခဲ့သည်။

'ဒီနှစ်မှာ အိန္ဒိယနိုင်ငံကို အေးခဲထားတဲ့ ထောပတ်သီးတန်ချိန် ၂၀၀ တင်ပို့ရောင်းချဖို့ စီစဉ်နေပါတယ်။ အလုံးလိုက် ကုန်ကြမ်းအနေနဲ့ တင်ပို့မယ်ဆိုရင် အခြေခံဆောက်အအုံတွေ လိုအပ်နေသေးတယ်' ဟု ပြည်ပသို့ ထောပတ်သီးတင်ပို့သူတစ်ဦးက ပြောသည်။

ထောပတ်သီးတင်ပို့မှုလွယ်ကူချောမွေ့စေရန် လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးနိုင်ရန်လည်း အိန္ဒိယနိုင်ငံကို တောင်းဆိုထားသည်ဟု သိရသည်။

'ပြည်တွင်းမှာ Hass၊ Buc-caneer နဲ့ Amaya တို့လို ထောပတ်သီးအမျိုးအစားတွေကို နိုင်ငံတကာဈေးကွက်ကို တင်ပို့ပါတယ်။ စိုက်ပျိုးဧကလည်း တိုးလာသလို ပြည်တွင်းစားသုံးသူ ဈေးကွက်လည်း ပိုမိုကျယ်ပြန့်လာတာတွေ့ရပါတယ်' ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ ထောပတ်သီးစိုက်ပျိုးသည့်ဒေသများမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ဖြစ်ပြီး၊ Hass ထောပတ်သီးမျိုးစိုက်ဧက ၂၀,၀၀၀ ခန့်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



# မန္တလေးတက္ကသိုလ် ရာပြည့်နေ့ရက်များကို ဖြတ်သန်းခြင်း

## သွယ်အောင်

တက္ကသိုလ်ထဲဖြတ်လျှောက်ခြင်း

* တက္ကသိုလ်ကို
ရက်တိုတိုနဲ့ ရောက်ခဲ့ဖူးတယ်။
* ရွှေမန်း၊ မြတမာ
သစ္စာဆောင်ဘေး
တမာရနံ့မွှေးမွှေး
တေးသီချင်းတို့ လွင့်ပျံ့
ရင်ကို လာမှန်ခဲ့ဖူးတယ်။
* ရာဇတ်ခန်းမ
ကျောက်ချရုပ်နား
အခန်းဆက် ရသစာအုပ်များ
နှလုံးသားနဲ့ ပွေ့ဖက်ခဲ့ဖူးတယ်။
* စာသင်ခန်းကို
အလွမ်းဖြင့် ဖြတ်သန်း
စကြာဝဠာမှာ ပွင့်မယ့်
အနာဂတ်ပန်းများ
ရုပဗေဒဘာသာရပ်နဲ့
ခံစားဖတ်ရှုတတ်ခဲ့ဖူးတယ်
* ဘွဲ့ရတဲ့နေ့
မမေ့ထာဝရ
ပင်မဆောင်လှေကားထစ်များပေါ်
ဖြတ်ကျော်တက်လှမ်း
ခြေတစ်လှမ်း ပန်းတစ်ပွင့်နှုန်း
ခြယ်မှုန်းလိုက်ရင်
တက္ကသိုလ်ဝန်းကျင်တစ်ခုလုံး
ပန်းပင်လယ်ကြီး ဖုံးသွားတာ
သေချာမြင်တွေ့ခဲ့ရဖူးပါတယ်။ ။

သွယ်အောင်
(ဘွဲ့နှင်းသဘင် နေ့ရက်များသို့)

မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်း(၁၉၂၅-၂၀၂၅)မဂ္ဂဇင်းအဖွင့်ကဗျာအဖြစ် ဖော်ပြပါရှိခဲ့သော ကျွန်တော်၏ကဗျာဖြစ်သည်။ ကျွန်တော်ငယ်စဉ်အလယ်တန်းကျောင်းသားဘဝ ငါးတန်းနှစ်က ဖြစ်သည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မှာ ကျွန်တော်နှင့်ကျောင်းနေဖက်သူငယ်ချင်းတစ်သိုက် မန္တလေးမြို့အနှံ့ လျှောက်လည်ကြခြင်းဖြင့် မထင်မှတ်ဘဲ အံ့သြဖွယ်ရာနေရာတစ်ခုသို့ ရောက်ရှိခဲ့ကြသည်။

ယင်းနေရာမှာ မန္တလေးမြို့၏ အရှေ့တောင်ဘက်အရပ်တွင်ရှိပြီး သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းစိမ်းစိမ်းစိုစိုဖြင့် အလွန်သာယာသော ဝန်းကျင်နေရာတစ်ခုဖြစ်သည်။




ထိုအဝန်းအဝိုင်းကြီးထဲသို့ ကျွန်တော်တို့ကလေးတစ်သိုက်ဝင်ရောက်မိကြပြီး တစ်ခါမှမမြင်မတွေ့ခဲ့ရဖူးသော အင်မတန်ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးတစ်ခုကို ဘွားကနဲမြင်တွေ့ကာ အချိန်အတန်ကြာ ငေးမောရပ်ကြည့်ဖြစ်ကြသည်။

အဆောက်အအုံကြီးမှာ မြင်တွေ့နေကြ တိုက်၊ အိမ်၊ အဆောက်အအုံများနှင့်မတူ ဘုရား ကျောင်းကန်ရှိ ဇရပ်၊ တန်ဆောင်း၊ စောင်းတန်းများနှင့်မတူ တစ်မူထူးခြားနေသည်။ လှေကားထစ်များစွာပါရှိပြီး ကြီးမားခံ့ထည်သော တိုင်လုံးကြီးခြောက်လုံးနှင့် အရှေ့၊ အနောက် ရှည်မျောမျောဝပ်ဆင်းလဲလျောင်းနေသည့်သဖွယ် တည်ဆောက်ထားသည်။ မြေအောက်တစ်ထပ်နှင့် မြေပေါ်တွင် နှစ်ထပ်ဖြစ်သည်။

ထိုစဉ်က ကျွန်တော်မှာ ငယ်ရွယ်စဉ်ကလေးကျောင်းသားဘဝဖြစ်၍ မန္တလေးတက္ကသိုလ်၏ ပင်မဆောင် အဆောက်အအုံကြီးမှန်း မသိခဲ့ပေ။ အထက်တန်းကျောင်းသားဘဝ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းရောက်တော့မှ မန္တလေးတက္ကသိုလ်ကျောင်းဝင်းကြီးမှန်း သိရတော့သည်။

မန္တလေးတက္ကသိုလ်ကျောင်းတော်ကြီးသည် အခြေခံပညာအထက်တန်းအောင်မြင်ကြသူများအား ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။ ပညာနှီးရှည်သောက်စို့လိုသူများအတွက် ကွန်းခိုရာ ဗိမာန်ကြီးဖြစ်သည်။



၁၉၈၂ ခုနှစ်တွင် ကျွန်တော်အခြေခံပညာ (အဆင့်မြင့်တန်း)အထက်တန်းအောင်မြင်ခဲ့၍ ငယ်စဉ်က မထင်မှတ်ဘဲ ရောက်ခဲ့သော မန္တလေးတက္ကသိုလ်ကျောင်းတော်ကြီးသို့ တက်ရောက်ပညာသင်ကြားခွင့်ရခဲ့သည်။

၁၉၈၆-၈၇ ပညာသင်နှစ်တွင် ရူပဗေဒအဓိကဘာသာရပ်ဖြင့် သိပ္ပံဘွဲ့တစ်ခုကို ရရှိခဲ့သည်။ မန္တလေးတက္ကသိုလ်တက်ရောက်စဉ်က ပုံရိပ်များကို စာပန်းချီဖွဲ့ရလျှင် ပြောမဆုံးပေါင်တောသုံးတောင်မျှ ရှည်လျားပါမည်။ မြစ်ကို အလျားလိုက်ကူးရသည်နှင့်တူမည်။ လွမ်းမောဖွယ်နေရက်များဟု ဆိုရပေမည်။

မန္တလေးတက္ကသိုလ်တက်ရောက်နေစဉ်ကာလ ၁၉၈၄ ခုနှစ်တွင် 'သွယ်အောင်' ကလောင်ဖြင့် ပြင်ပမဂ္ဂဇင်းများတွင် ရေးသားနိုင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်ကို ကျေးဇူးဆပ်သည့်အနေနှင့် 'အညာတက္ကသိုလ်ကို ပွေ့ဖက်ခြင်း' ကဗျာ မဟောသီရုပ်စုံမဂ္ဂဇင်းတွင် ရေးဖွဲ့ဂုဏ်ပြုခဲ့သည်။

၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်မှာ မန္တလေးဥပစာကောလိပ်အနေဖြင့် စတင်ဖွင့်လှစ်ခဲ့သော မန္တလေးတက္ကသိုလ်ကျောင်းတော်ကြီးသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ်(၁၀၀)တင်းတင်းပြည့်မြောက်ခဲ့ပါသည်။

မန္တလေးတက္ကသိုလ်ကြီး နှစ်(၁၀၀)ပြည့်မတိုင်ခင်ကာလကတည်းက မန္တလေးတက္ကသိုလ်ရာပြည့်




ပွဲကို ကြိုတင်ရင်ခုန်နေမိသည်။ တစ်နှစ်မှာတစ်ခါသာ ကြုံရ၊ ဆုံရမည့်တက္ကသိုလ်ရာပြည့်ပွဲကို ပါဝင်ဆင်နွှဲချင်သည့်စိတ်က ရင်ထဲမှာ ကိန်းအောင်းလို့နေသည်။


ထို့ကြောင့် တက္ကသိုလ်ကျောင်းတက်ခဲ့ကြသည့် သူငယ်ချင်းအချို့နှင့်တိုင်ပင်၍ 'အညာတမာ ၁၀၀' ရသစာစုများ စာအုပ်ကလေးထုတ်ဝေနိုင်ရန် ကြိုတင်စိုင်းပြင်းခဲ့ကြသည်။ မန္တလေးတက္ကသိုလ်ရာပြည့်ပွဲကာလတွင် အောင်မြင်စွာထုတ်ဝေနိုင်ခဲ့သည်။

အချို့သော ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အား ဂုဏ်ပြုသောအားဖြင့် ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ အမှတ်တရပုံရိပ်များ၊ မန္တလေးတက္ကသိုလ်ရက်စဉ်သမိုင်းစာအုပ်များ အပြိုင်အဆိုင် ထွက်ရှိလာကြသည်။

ထူးခြားမှုအနေဖြင့် ဆရာကြီး၊ ဆရာမကြီးများ၊ မြို့မိ၊ မြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားသော မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေးကော်မတီမှ မဂ္ဂဇင်းကြီးသုံးအုပ်ကိုလည်း ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်။

မန္တလေးတက္ကသိုလ်ရာပြည့် မဂ္ဂဇင်းနှစ်အုပ်တွင် ကျွန်တော် မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းတစ်ဦးအနေဖြင့် ကဗျာနှင့်ကာတွန်းပါဝင်ရေးသားခွင့်ရခဲ့သည်။

အံ့သြဖို့ကောင်းသည်မှာ မန္တလေးတက္ကသိုလ်



ရာပြည့်ပွဲကျင်းပရန် လပိုင်းအလို မတ် ၂၈ ရက်တွင် ငလျင်ကြီးလှုပ်ခတ်မှုကြောင့် မန္တလေးတက္ကသိုလ် ပင်မဆောင်ကြီးမီးလောင်ပျက်စီးခဲ့သော်လည်း နှစ်(၁၀၀)ပြည့် အကြိုပွဲတော်အဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ နှစ်(၁၀၀)ပြည့်အကြိုပွဲတော်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက် နံနက်ပိုင်းမှ မွန်းတည့် ၁၂ နာရီအထိ တက္ကသိုလ်ကျောင်းဝင်းထဲရှိ အုတ်တိုက်နီလေးတွင် ကျင်းပခဲ့ရာ ပွဲတော်တွင် စတုဒိသာကျွေးမွေးပွဲ၊ ပန်းချီ၊ ဓာတ်ပုံပြပွဲ၊ အမှတ်တရပစ္စည်းနှင့် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် မဂ္ဂဇင်းရောင်းချပွဲများ ကျင်းပခဲ့သည်။

ထိုပွဲတော်ရက်တွင် ကျွန်တော်ကိုယ်တိုင်ပါဝင်လှုပ်ရှားမှုအနေဖြင့် ပွဲတော်သို့ တက်ရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအား အမှတ်တရပုံတူ Sketch နှင့် ကယ်ရီကေးချာများ ငါးမိနစ်အမြန် ရေးဆွဲရသည့်အတွက် ပျော်ရွှင်ကြည်နူးခဲ့ရပါသည်။


မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်ရက်ကို အောက်တိုဘာ ၄ ရက်၊ ၅ ရက်၊ ၆ ရက်များတွင် ပြုလုပ်ခဲ့ကြပြီး ၄ ရက်တွင် မန္တလေးတက္ကသိုလ်ပင်မဆောင် ပြန်လည်ပြုပြင်မွမ်းမံပြီးစီး၍ ဖွင့်ပွဲနှင့် အမှတ်တရကျောက်စာတိုင်စိုက်ထူကြသည်။ ၅ ရက်တွင် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲအဖြစ် မန္တလေးတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အသက်(၇၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ခဲ့ကြသည်။ ၆ ရက်တွင် ဂီတဆည်းဆာနှင့် ပဒေသာကပွဲကြီးကို အောင်မြင်စွာ ဆင်ယင်ကျင်းပနိုင်ခဲ့သည်။

ထိုရက်များက မန္တလေးတက္ကသိုလ်ကျောင်းဝင်းထဲ ဖြတ်သန်းခဲ့ရသည်မှာ လွန်ခဲ့သော နှစ် ၄၀ ခန့် တက္ကသိုလ်ကျောင်းတက်ခဲ့ရသည့်အရသာကို ပြန်လည်အမှတ်ရစေသည်။ ရေနီမြောင်း၏ ရေစီးသံကို ပြန်ကြားရပြီး တမာရနံ့ကို ရှူရှိုက်မိသည်။ ရွှေမန်း၊ မြတမာ၊ သစ္စာဆောင်တို့ဘက်မှ ဂီတသံတို့ကိုလည်း ပြန်လည်ကြားယောင်လာကာ တက္ကသိုလ်ပရိဝုဏ်တစ်ခုလုံး လွင့်ပျံ့လို့နေတော့သည်။

## စာအုပ်စင်ကဏ္ဍ

### ဖော်ညွှန်းသီ

စာအုပ်အမည် - အာနာပါနအတွက် အကြံပြုချက်
စာရေးသူ - အရှင်ဝိမလ(တိုက်ကြီးကုန်း)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၇၀၀၀ ကျပ်
စာမျက်နှာ - ၁၀၅ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ
မျက်နှာဖုံး ဒီဇိုင်း - နိုင်ခွန်အား




စာရေးသူ၏နိဒါန်း အမှာစာနှင့်အတူ အာနာပါနအတွက် အကြံပြုချက်နှင့် အခြားစာစုများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ စာအုပ်တွင် ဂဝေသီဥပါသကာ၊ ရောင့်ရဲခြင်း၊ ဆရာရှာခြင်းအကျိုး၊ ကျေးဇူးပြုပါ၊ မာနအကျိုး၊ တိုင်မှာချည်ထားနွားငယ်လားသို့၊ ကျေးဇူးမဲ့တွေ စွန့်ပါလေ၊ နွားနှင့်အတွေး၊ အာနာပါနအတွက် အကြံပြုချက်(၁မှ - ၁၀)၊ သဒ္ဓါဒါနအကျိုးအလှ တိုး၊ ကုလသုတ်၊ ထပ်ခါထပ်ခါ ဆုတောင်းပါ၊ ဆင်းရဲဆင်းရဲ၊ ဆင်ခြင်စရာဉာဏ်ငါးဖြာ၊ ပူသလား၊ ရှုပွားစရာဉာဏ်ငါးဖြာ၊ အိမ်တွင်းတော်လှန်ရေး၊ စိတ်တည်ငြိမ်အောင် ဆောက်တည်ပါ၊ သဟာယ၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ကာလဒါနအကျိုး၊ သရဏဂုံ၊ ဘုရားနှင့်တရား ဘယ်သူအရင်လဲ၊ လုပ်မရှုနဲ့ ချုပ်မရှုနဲ့၊ အာနာပါနနှင့် နှာစေးရောဂါ၊ လိုက်လျောပါ ရောမလိုက်နဲ့၊ အလုပ်နဲ့အဟုတ်၊ ကိုယ့်စိတ်ကိုယ်စစ်၊ လက်အုပ်ချီပုံ၊ လူဖြစ်မရှုံးရအောင်၊ ပဟာသရဲ့ တကယ်ပဲ ကျမှာလား၊ ဒါနမပြုခင် တိုင်ပင်ပါ၊ အနည်းငယ် စွန့်လွှတ်ရကျိုး၊ အတုမရှိဒါန၊ အသဒိသဒါန၊ ဝိသာခါ၏ကျောင်းအလှူနှင့် ဝမ်းမြောက်သူ၊ သာသနာ့အမြစ်၊ ရောမျှောခံရ ဇဋိလ၊ ဒါရိုက်ကံနှင့် အင်ဒါရိုက်ကံ အကျိုးပေးဟန်၊ မလေးစားရင်၊ နေသာသလို၊ တုံလေးချက်၊ ကိုယ်စိတ်နှစ်ဖြာ လေ့ကျင့်ပါ၊ ဥပုသ်သီလ၊ သီလအကျိုးအားလုံးဖြိုး၊ သီလစောင့်ငြားကျိုးသုံးပါး၊ ကုသိုလ်ကံကို ဖြည့်ဆည်းပါ၊ ဝေဒနာရှုခြင်း၊ ကျောင်းအလှူနဲ့ ဓာတ်ပုံ၊ စိတ်ကြောင့် စင်ကြယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြပါ၊ အခွင့်ရစဉ် ကိလေနှင့်တို့ဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - ရသစုံမြူး ညွှန့်ဖူးဝေဆာ
စာရေးသူ - မြခြူးအိမ်-ကိုလေး
ထုတ်ဝေသည့်စာပေတိုက် - မန္တလာစာပေ
တန်ဖိုး - ၇၀၀၀ ကျပ်
စာမျက်နှာ - ၁၃၃ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ
မျက်နှာဖုံး ဒီဇိုင်း - ရဲထက်




ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ နိုင်စေရ(မန်းတက္ကသိုလ်)၊ ဆရာ နိုင်ဗလတို့၏ အမှာစာများနှင့်အတူ ကဗျာရေးသူ ဆရာ မြခြူးအိမ်-ကိုလေး၏ ကျေးဇူးတင်ဝမ်းမြောက်စာတို့နှင့် ထွက်ရှိလာသော ကဗျာစာစုများဖြစ်သည်။

ကဗျာအပုဒ် ၉၀ ကျော်ကို စုစည်းထားပြီး မိဘကျေးဇူးရှိခိုးဦးတင်ကာ၊ ဆရာ့ကျေးဇူးမေ့ဘူးအစဉ်သာ၊ သုတဖော်ညွှန်း ရွှန်းရွှန်းဝေဆာ၊ ရသစုံမြူး သီကျူးကဗျာ ခေါင်းစဉ်များခွဲကာ ရေးဖွဲ့တင်ဆက်ထားသည်။ လင်္ကာသွားဖြင့် ရေးသားထားသည့် ကဗျာများ ဖြစ်သည်။

**ပန်းစိုက်သူဆန္ဒ**

* ပန်းတစ်ပွင့်
ဖူးပွင့်လို့ ရနံ့လွင်အောင်
နမ်းချင်လို့ စိုက်တာ
မဟုတ်ဘူး။
* ထိုအပင်
အပွင့်ရနံ့တွေက
ကမ္ဘာမြေကို သင်းသင်းပျံ့
နံ့ဖို့စိတ်ကူး။ ။

**မြခြူးအိမ်-ကိုလေး**
(စာ-၉၁)

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

# သရက်မြို့၌ လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မိသားစု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ၊ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ၊ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပါက ကိုင်တွယ်ခြင်း မပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်း မပြုရန်နှင့် သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဇော်ထက်(သရက်)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တို့ရွာ တန်ဆောင်မုန်း

* ဆောင်းဦးဝင်စ သည်ကာလ
မြောက်လေ အေးမြမြ ။
* တန်ဆောင်မုန်းလ ပန်းတော်ဝင်
ခဝဲပန်းရွှေစင် ။
* လနှင့်တူယှဉ် ထွန်းတောက်လင်း
ဖျောက်ဆိပ်ငွေကြယ်မင်း ။
* မိုးလေကင်းတဲ့ သည်ချိန်ခါ
စည်ပြောသံတွေသာ ။
* တစ်နှစ်တစ်ခါ တစ်ကြိမ်မုန်း
ကထိန် ဥတ်သက်န်း ။
* ညချမ်းလပြည့် မောင်မယ်ပျော်
ရွာလယ် လမ်းတွေပေါ် ။
* မခေါ်မှန့်လုံး တရန်းရန်း
တို့ရွာ တန်ဆောင်မုန်း ။ ။

**မောင်ဆွေသစ်(မန္တလေး)**




### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# အိတ်ချ်အိုင်ဗွီ ကာကွယ်ထိုးဆေး ဇမ်ဘီယာနိုင်ငံက အတည်ပြု

လူဆာကာ နိုဝင်ဘာ ၈

ဇမ်ဘီယာနိုင်ငံသည် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကို ကာကွယ်ရန်အတွက် တာရှည်ခံထိုးဆေး (အေအာဗွီ) ဆေးဖြစ်သည့် Lenacapavir ကို အတည်ပြုခဲ့ပြီး အဆိုပါရောဂါတိုက်ဖျက်ရေးအစိုးရ၏ ကြိုးပမ်းအားထုတ်မှုမှတ်တိုင်ဟု ဖော်ပြခဲ့သည်။

**အိတ်ချ်အိုင်ဗွီ ခြိမ်းခြောက်မှုအဆုံးမသတ်**

အဆိုပါဆေးကို အတည်ပြုလိုက်ခြင်းသည် ဆန်းသစ်ပြီး ထိရောက်




မှုရှိသည့် ကာကွယ်ရေးနည်းပညာများဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီ၏ အများပြည်သူကျန်းမာရေး ခြိမ်းခြောက်နိုင်မှုကို အဆုံးသတ်နိုင်ရန် အစိုးရ၏လုပ်ဆောင်မှုပင်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး အလိုက်ဂျ်မူချီမာက နိုဝင်ဘာ ၇ ရက်တွင် ပြောသည်။

**ဒုတိယမြောက် မှတ်ပုံတင်သည့်နိုင်ငံ**

Lenacapavir ကို ခြောက်လတစ်ကြိမ် ထိုးပေးရုံဖြင့် တူညီသော ကြာချိန်အတွက် အကာအကွယ်ပေးနိုင်သည်။ အဆိုပါဆေးကို မှတ်ပုံတင်သည့်နိုင်ငံမှာ အာဖရိကတွင် တောင်အာဖရိကနိုင်ငံပြီးလျှင် ဇမ်ဘီယာနိုင်ငံက ဒုတိယမြောက် မှတ်ပုံတင်သည့်နိုင်ငံဖြစ်လာသည်။

**တစ်နှစ်လျှင် ၃၀၀၀၀ ခန့်ရှိ**

ဇမ်ဘီယာနိုင်ငံ၌ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူများမှာ တစ်နှစ်လျှင် ၃၀၀၀၀ ခန့်ရှိသည်။ အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးငယ်များနှင့် အမျိုးသမီးများတွင် ကူးစက်မှုမြင့်မားသည်။

**မျှော်လင့်ချက်ပင်ဖြစ်**

အဆိုပါဆေးရရှိခြင်းဖြင့် အိတ်ချ်အိုင်ဗွီကာကွယ်ရေးအတွက် ဆေးကို နှစ်လတစ်ကြိမ် သို့မဟုတ် နေ့စဉ်သောက်သုံးနေရသူများ၊ ကူးစက်နိုင်ခြေမြင့်မားသည့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် တစ်ကိုယ်ရေသီးသန့်ကာကွယ်လိုသည့် အမျိုးသားများအတွက် မျှော်လင့်ချက်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ



## အသက် ၁၅ နှစ်အောက် ကလေးများကို လူမှုမီဒီယာပိတ်ပင်ရန် ဒိန်းမတ်အစိုးရက သဘောတူညီကြောင်း ထုတ်ပြန်ကြေညာ

**ကိုပင်ဟေဂင် နိုဝင်ဘာ ၈**

ဒိန်းမတ်အစိုးရသည် အန္တရာယ်ရှိသော အကြောင်းအရာများနှင့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများဖြင့် ပြည့်နေသည့် ဒစ်ဂျစ်တယ်ကမ္ဘာထဲသို့ ကလေးသူငယ်များ လွန်စွာနစ်မြုပ်နေခြင်းအပေါ် စိုးရိမ်မှုများ မြင့်တက်လာသည့်အတွက် နည်းပညာကုမ္ပဏီကြီးများအပေါ် ဖိအားပေးမှုများ တိုးမြှင့်ကာ အသက် ၁၅ နှစ်အောက်မည်သူမဆို လူမှုမီဒီယာများသို့ ဝင်ရောက်သုံးစွဲခွင့်ပိတ်ပင်ရန် သဘောတူညီချက်ကို နိုဝင်ဘာ ၇ ရက်တွင် ကြေညာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းလုပ်ဆောင်ချက်သည် မိဘအချို့အား သီးခြားအကဲဖြတ်မှုပြုပြီးနောက် ၎င်းတို့၏ကလေးများကို အသက် ၁၃ နှစ်မှစ၍ လူမှုမီဒီယာအသုံးပြုခွင့်ပေးရန် အခွင့်အရေးပေးမည် ဖြစ်သည်။

ထိုသို့ ပိတ်ပင်မှုကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည်မှာ ချက်ချင်းရှင်းရှင်းလင်းလင်း မသိရသည့်အတွက် နည်းပညာပလက်ဖောင်းများစွာသည် အသက် ၁၃ နှစ်မတိုင်မီ ကလေးငယ်များ စာရင်းသွင်းခြင်းကို ကန့်သတ်ထားပြီးဖြစ်သည်။ သို့သော် ထိုသို့သော ကန့်သတ်ချက်များသည် အမြဲတမ်း အလုပ်ဖြစ်သည်မဟုတ်ကြောင်း အရာရှိများနှင့် ကျွမ်းကျင်သူများက ပြောကြားသည်။

ထိုသို့သော ဆောင်ရွက်ချက်သည် ဆယ်ကျော်သက်များနှင့် ကလေးငယ်များကြား လူမှုမီဒီယာသုံးစွဲမှုကို ကန့်သတ်ရန်အတွက် ဥရောပသမဂ္ဂအစိုးရတစ်ရပ်က ပြုလုပ်ခဲ့သည့် အပြင်းထန်ဆုံးခြေလှမ်းများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

Mon




## ပုစွန်များကို အလျှင်စလို ထုတ်ရောင်းရန် ကြိုးပမ်းခဲ့ရာမှ တစ်ကီလိုဈေးနှုန်း ရူပီး ၃၀၀ မှ ရူပီး ၂၃၀ သို့ ကျဆင်းသွား

**ဒေလီ နိုဝင်ဘာ ၈**

လွန်ခဲ့သော မေလတွင် အကောက်ခွန်များ ကြေညာခဲ့ပြီးနောက် အိန္ဒိယမွေးမြူရေးသမားများက ၎င်းတို့တွင်ရှိသည့် ပုစွန်များကို အလျှင်စလို ထုတ်ရောင်းရန် ကြိုးပမ်းခဲ့ရာမှ ပုစွန်တစ်ကီလိုဂရမ်၏ ဈေးနှုန်းသည် ရူပီး ၃၀၀ မှ ရူပီး ၂၃၀ သို့ ကျဆင်းသွားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အီကွေဒေါနိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ပုစွန်ထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်သဖြင့် ၎င်း၏ထုတ်လုပ်မှုအများစုမှာ ပြည်ပသို့ တင်ပို့ရန်ဖြစ်သည်။

၂၀၂၅ ခုနှစ် မတ်လတွင် ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်၌ အိန္ဒိယသည် ကမ္ဘာတစ်ဝန်းသို့ အေးခဲပုစွန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဘီလျံဖိုး တင်ပို့ခဲ့ပြီး ယင်းရောင်းချမှု၏ ၄၈ ရာခိုင်နှုန်းခန့်မှာ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ခြင်း ဖြစ်သည်။

အိန္ဒိယသည် စီးပွားဖြစ်ထုတ်လုပ်သည့် ပင်လယ်နှင့် ရေချိုပုစွန်မျိုးကွဲနှစ်မျိုးဖြစ်သည့် 'ဘလက်တိုင်းဂါး' နှင့် 'ပစိဖိတ်ဝှိုက်လက်ဂ်'တို့ကို ထုတ်လုပ်သဖြင့် ယင်း'ပစိဖိတ်ဝှိုက်လက်ဂ်'ကို 'ဗန်နာမေ'ဟု လူသိများသည်။

ရရှိနိုင်သည့် နောက်ဆုံးအချက်အလက်များအရ ၂၀၂၄ ခုနှစ် မတ်လတွင် ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်၌ အိန္ဒိယ၏ ပုစွန်ထုတ်လုပ်မှုသည် တန်ချိန် ၁ ဒသမ ၁ သန်း ရှိခဲ့သည့်အတွက် ယင်းထုတ်လုပ်မှု၏ အများစုမှာ ဗန်နာမေမျိုးဖြစ်ပြီး ၅ ရာခိုင်နှုန်းမှာ ဘလက်တိုင်းဂါးမျိုးဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဗန်နာမေပုစွန်မွေးမြူရေးစက်ဝန်း နှစ်ခုရှိသည့်အတွက် ပထမစက်ဝန်းကို ဖေဖော်ဝါရီလမှ ဇွန်လအထိ စတင်ပြီး ဒုတိယစက်ဝန်းမှာ ဇူလိုင်လမှ အောက်တိုဘာလအထိဖြစ်သည်။ မွေးမြူရေးသမားများသည် ရောဂါများကို စိုးရိမ်သောကြောင့် ဒုတိယစက်ဝန်းအတွက် ဆက်လက်မွေးမြူရန် ယေဘုယျအားဖြင့် ဝန်လေးတတ်ကြသည်။ ဘလက်တိုင်းဂါးပုစွန်ကိုမူ မတ်လမှ ဩဂုတ်လအထိ တစ်ကြိမ်သာ မွေးမြူကြသည်။

လက်ရှိအခြေအနေအရ ထုတ်လုပ်မှုစရိတ်မှာ တစ်ကီလိုဂရမ်လျှင် ရူပီး ၂၇၅ ရှိသည့်အတွက် အိန္ဒိယပုစွန်မွေးမြူရေးလုပ်ငန်းများတွင် ဆုံးရှုံးမှုများ တိုးပွားလျက်ရှိကြောင်း သိရသည်။ Mon

## ဖိလစ်ပိုင်ဘက်သို့ ရွေ့လျားလာသော ဖုန်ဝုန် တိုင်ဖုန်းမုန်တိုင်းကြောင့် အသက်အန္တရာယ်ရှိသည့် မုန်တိုင်းဒီရေများတက်နိုင်

**မနီလာ နိုဝင်ဘာ ၈**

ဖုန်ဝုန် တိုင်ဖုန်းမုန်တိုင်းသည် နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနေပြီး နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ကုန်းတွင်းပိုင်းသို့မရောက်မီ စူပါတိုင်ဖုန်းအဖြစ် အားကောင်းလာမည်ဟု ခန့်မှန်းရသဖြင့် အမြင့် ၅ မီတာအထိရှိသော အသက်အန္တရာယ်ရှိသည့် မုန်တိုင်းဒီရေများတက်ကာ ဖျက်ဆီးနိုင်သည့် လေပြင်းများ ကျရောက်နိုင်မည်ဟု ဖိလစ်ပိုင်မိုးလေဝသဌာနက သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်း၏ ကီလိုမီတာ ၁၅၀၀ ကျယ်ပြန့်သော လည်ပတ်မှုကြီးသည် ဖိလစ်ပိုင်အရှေ့ပိုင်းဒေသများကို မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများဖြင့် ရိုက်ခတ်နေပြီဖြစ်ကြောင်း မိုးလေဝသခန့်မှန်းသူ ဘန်နီဆန်အက်စတာရေဂျာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဒေသတွင်းတွင် ဥဝမ်ဟုခေါ်ဆိုသည့် ဖုန်ဝုန်မုန်တိုင်းသည် လက်ရှိအချိန်တွင် အများဆုံးလေတိုက်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၁၄၀နှင့် လေပြင်းတိုက်ခတ်မှုနှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၇၀ အထိ ရှိနေသဖြင့် ကုန်းမြေနှင့် နီးကပ်လာသည်နှင့်အမျှ တစ်နာရီလျှင် ၁၈၅ ကီလိုမီတာအထိ အားကောင်းလာနိုင်ကြောင်း အက်စတာရေဂျာက ပြောကြားခဲ့ရာ ယင်းအရှိန်သည် နေအိမ်များ၊ သစ်ပင်များနှင့် အဆောက်အအုံများကို ဖျက်ဆီးရန် လုံလောက်သော အင်အားဖြစ်သည်ဟု ဆိုသည်။

ဖိလစ်ပိုင်အရှေ့ပိုင်းပြည်နယ်များ၊ အထူးသဖြင့် ဘီကိုလ်ဒေသအပြင် ဆာမာဒေသအချို့တို့တွင် မိုးရေချိန် မီလီမီတာ ၂၀၀ အထိ ရွာသွန်းနိုင်သည်ဟု ခန့်မှန်းရသည့်အတွက် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို မြင့်တက်စေသည်။

ထို့ပြင် မုန်တိုင်းဖြတ်သန်းချိန်အတွင်း မြောက်ပိုင်းနှင့် အလယ်ပိုင်း လူဇွန်ဒေသများတွင် မိုးရေချိန် ၁၀၀ မှ ၂၀၀ မီလီမီတာအထိ ရွာသွန်းနိုင်ကြောင်း သိရသည်။

Mon



## နယ်သာလန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိပြီးနောက် ကြက် ၁၂၀၀၀၀ ကို ရှင်းလင်းမည်

**အမ်စတာဒမ် နိုဝင်ဘာ ၈**

နယ်သာလန်နိုင်ငံသည် မြောက်ပိုင်း ဖိုင်းစလန့်ပြည်နယ်ရှိ ကြက်ခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ၏ပြင်းထန်ရောဂါဖြစ်စေတတ်သော မျိုးဗီဇတွေ့ရှိပြီးနောက် ကြက်ကောင်ရေ ၁၂၀၀၀၀ ခန့်ကို ရှင်းလင်းရန် အမိန့်ပေးခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက နိုဝင်ဘာ ၇ ရက်ညက ကြေညာသည်။

**ရှင်းလင်းသွားမည်**

ဗိုင်းရပ်စ်ပိုးထပ်မံပျံ့နှံ့မှုမှ ကာကွယ်ရန် အစားအစာနှင့် စားသုံးသူထုတ်ကုန်ဘေးကင်းရေး အာဏာပိုင်အဖွဲ့က ဒရိုဂီဟာမ်ကျေးရွာရှိ ကြက်အားလုံးကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်၊ ဥများ၊ မြေသြဇာများနှင့် အသုံးပြုပြီး ကောက်ရိုးအခင်းများ ရွှေ့ပြောင်းမှုအပါအဝင် ၁၀ ကီလိုမီတာအချင်းဝက်အတွင်း သယ်ယူပို့ဆောင်ရေး တားမြစ်ချက်ကို ချက်ချင်းချမှတ်လိုက်ကြောင်း သိရသည်။

**၁၄ ရက်ကြာ စောင့်ကြည့်သွားမည်**

ရောဂါပိုးတွေ့ရှိသည့်နေရာမှ ၁ ကီလိုမီတာအကွာတွင်ရှိသည့် အခြား ကြက်မွေးမြူရေးခြံကိုလည်း ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးပြီး ၁၄ ရက်ကြာ စောင့်ကြည့်သွားမည်ဖြစ်သည်။

အလားတူ ၃ ကီလိုမီတာအကွာရှိ အခြားကြက်ခြံ သုံးခုကိုလည်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ



ကြက်မွေးမြူရေးခြံတစ်ခုကို တွေ့ရစဉ်။

# ခေတ်မီသူတိုင်းဆိုလာတပ်ကြမည်

မောင်မောင်စွယ်စုံထွန်း

ယနေ့ခေတ်တွင် နိုင်ငံတစ်ခု၏ အနာဂတ်ကို အပြင်းအထန် ပြောင်းလဲပေးနေသည့် စွမ်းအင်မှာ နေစွမ်းအင်ဟုလည်း အများခေါ်ကြသည့် ဆိုလာစွမ်းအင်ပင် ဖြစ်သည်။ ဘေးကင်းသည့်ပတ်ဝန်းကျင်၊ မလျော့သောစွမ်းအား၊ နေ့စဉ်ရရှိနိုင်တဲ့အရင်းအမြစ် စသည့် အချက်များသည် နေရောင်ခြည်မှ အခမဲ့ရရှိနိုင်သည့်အရာများဖြစ်၍ ရေပန်းစားလာနေခြင်းလည်း ဖြစ်ကြပါသည်။ ယခုအခါ "ခေတ်မီသူတိုင်းဆိုလာတပ်ကြသည်"ဟု ပြောရမလောက်ပင် ဆိုလာ(နေ)စွမ်းအင်ကို အပြိုင်အဆိုင် တပ်ဆင်အသုံးပြုလျက်ရှိနေကြပြီဖြစ်သည်။ ဆိုလာများကို တပ်ဆင်ခြင်းအားဖြင့် လျှပ်စစ်မီတာခ တန်ဖိုးသက်သာမည်။ မီးပျက်သည့်အခါ အသုံးပြုနိုင်မည်။ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည်။ အနာဂတ်အတွက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်မည် စသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်စေမည်လည်း ဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် အတူတကွ ဖန်တီးနိုင်ကြရန် စွမ်းအင်လည်းရ၊ ပတ်ဝန်းကျင်လည်း သန့်ရှင်းစေသည့် ဆိုလာဟုခေါ်သည့် နေစွမ်းအင်စနစ်ကိုသာ အမြန်တပ်ဆင်အသုံးပြုသွားကြရန် အကြံပြုတိုက်တွန်းလိုသဖြင့် ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

ကမ္ဘာမြေပေါ်တွင် နေရောင်ခြည်မှရသောစွမ်းအင်၏ စုစုပေါင်းပမာဏသည် ပေါကြွယ်လွန်းသည်ဟု ဆိုရသော်လည်း တိမ်များ၏ နှောင့်ယှက်မှုကြောင့် ရရှိသောအပူရှိန်သည် နိမ့်သောအပူချိန်အဆင့်တွင်သာ ရှိသည်။ ဤသို့ဖြစ်ရသည်မှာလည်း နေ့စဉ်နှင့် ရာသီများအလိုက် ကမ္ဘာမြေကြီးက နေကို လှည့်ပတ်သည့်လမ်းကြောင်း ထပ်တလဲလဲဖြစ်ပေါ်မှုနှင့် သံသရာလည်မှုကြောင့်လည်း ဖြစ်နိုင်သည်။ နေရောင်ခြည်စွမ်းအင်ဆိုသည်မှာ တိုးတက်လာသည့် နည်းပညာများဖြစ်သည့် Solar Heating, Photovoltaics, Solar Thermal Energy, Solar Architecture, Molten Salt Power Plants and Artificial Photosynthesis အစရှိသည့် နည်းပညာများကို အသုံးပြုပြီး နေမှ ဖြာထွက်လာသော အပူနှင့် အလင်းကို အသုံးချခြင်းဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သည် အရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ် တစ်ခုဖြစ်သည်။ နေရောင်ခြည်မှ စွမ်းအင်ကို မည်သို့ရယူပြီး ဖြန့်ဝေသည် (သို့မဟုတ်) စွမ်းအားအဖြစ်သို့ မည်သို့ပြောင်းလဲသည် အပေါ်မူတည်ပြီး ဆိုလာနည်းပညာကို အဓိကအားဖြင့် Passive Solar or Active Solar ဟု နှစ်မျိုး ခွဲခြားသတ်မှတ်နိုင်သည်။ Active solar နည်းပညာတွင် စွမ်းအင်ကို ထုတ်ယူအသုံးချရန်အတွက် Photovoltaic Systems, Concentrated Solar Power နှင့် Solar Water Heating တို့ကို အသုံးပြုကြသည်။ Passive solar နည်းပညာတွင် အဆောက်အအုံအား နေရောင်ခြည် ကျရောက်သည့်ဘက်နှင့် ချိန်ညှိတည်ဆောက်ခြင်း၊ Thermal mass or light-dispersing properties ဂုဏ်သတ္တိရှိသောပစ္စည်းများအား ရွေးချယ်အသုံးပြုခြင်း၊ အခန်းအတွင်း လေကို သဘာဝအလျောက် လှည့်ပတ်စေရန် ဒီဇိုင်းပြုလုပ်ခြင်းများ ပါဝင်သည်။ The United Nations Development Programme ၏ ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့စွမ်းအင်ဆန်းစစ်မှုအရ နှစ်စဉ် နေရောင်ခြည်မှ စွမ်းအင်ရရှိနိုင်မှု အလားအလာမှာ ၁၅၇၅ မှ ၄၉၈၃၇ Exajoules (EJ) ဖြစ်သည်။ ၎င်းပမာဏမှာ ၂၀၁၂ ခုနှစ်တွင် တစ်ကမ္ဘာလုံး သုံးစွဲသည့် စွမ်းအင် စုစုပေါင်းပမာဏဖြစ်သည့် ၅၅၉ ဒသမ ၈ Exajoules (EJ) ထက် အဆပေါင်းများစွာ ပိုများပါသည်။

ထို့ကြောင့်ပင် ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာ စွမ်းအင်အေဂျင်စီမှ အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့သည်။ "ဈေးသက်သာပြီး သန့်ရှင်းသော၊ မကုန်ဆုံးနိုင်သော နေရောင်ခြည်စွမ်းအင် နည်းပညာတိုးတက်မှုသည် ရေရှည်တွင် ကြီးမားသောအကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင် အသုံးပြုခြင်းဖြင့် တင်သွင်းမှုကင်းသော၊ မကုန်ခန်းနိုင်သော၊ သဘာဝ အရင်းအမြစ်ပေါ်မှီခိုခြင်းဖြင့် တိုင်းပြည်များ၏စွမ်းအင်ကို ဖူလုံစေသည်။ ထို့အပြင် ရေရှည်တည်တံ့မှုကို မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချသည့် ကုန်ကျစရိတ်များမှ သက်သာစေခြင်းနှင့် ရုပ်ကြွင်းလောင်စာဈေးနှုန်းအား လျှော့ချခြင်းများကို ဖြစ်ပေါ်စေသည်။ ၎င်း၏ အကျိုးကျေးဇူးများမှာ ကမ္ဘာလုံးဆိုင်ရာရရှိမည့်အရာများဖြစ်သည်"ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံရမှု တန်ဖိုးများသည်ဟု ထင်ရသော်လည်း ကျယ်ပြန့်သော အကျိုးတရားများရရှိနိုင်သည့်အတွက် ဆိုလာစွမ်းအင်ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးကို အားပေးဆောင်ရွက်သင့်ကြပါသည်။

နေရောင်ခြည်စွမ်းအင်အား လက်ရှိအသုံးပြုနေကြသော ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

**(၁) လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် Photovoltaic Panels များ တပ်ဆင်ခြင်း**

အဆိုပါပစ္စည်းများကို အိမ်များ၊ တောင်ပေါ် အမိုးအကာများ



စသည်တို့တွင် တပ်ဆင်အသုံးပြုကြသည်။

**(၂) Photovoltaic စက်ရုံများ**

အဆိုပါစက်ရုံများသည် လျှပ်စစ်ကွန်ရက်ကို ထောက်ပံ့ပေးရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်ထားသော Photovoltaic Panel များ၏ ကြီးမားသော Extension များ ဖြစ်သည်။

**(၃) ဆိုလာကားများ**

ဆိုလာကားများသည် လျှပ်စစ်မော်တာအား မောင်းနှင်ရန်အတွက် နေရောင်ခြည်မှ ရောင်ခြည်ကို လျှပ်စစ်အဖြစ်သို့ ပြောင်းလဲပေးသည်။

**(၄) ဆိုလာမီးဖိုများ**

အာရုံစူးစိုက်မှုစနစ်များရှိပါက ဓာတ်ရောင်ခြည်သည် တစ်ကြိမ်လျှင် အပူချိန်မြင့်ကာ ချက်ပြုတ်နိုင်မည်ဖြစ်သည်။

**(၅) အပူပေးစနစ်များ**

နေရောင်ခြည်အပူစွမ်းအင်ဖြင့် အပူပတ်လမ်းကြောင်းတွင် အသုံးပြုနိုင်သော အရည်တစ်မျိုးကို အပူပေးနိုင်သည်။

**(၆) ရေကန်အပူ**

ရေကန်များအတွင်း ရေအားသဘာဝအလျောက် အပူဓာတ်ရရှိစေရန် ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။ အေးသောနေရာဒေသများတွင် အသုံးပြုကြသည်။

ဆိုလာစွမ်းအင်သုံးခြင်း၏ အကျိုးတရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ဆိုလာစွမ်းအင်က ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အကျိုးပြုပါသည်။ ဆိုလာစွမ်းအင်နဲ့ပတ်သက်ပြီး လူသိအများဆုံးအချက်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်ဖြစ်ခြင်းပင် ဖြစ်ပါသည်။ ကာဗွန်ဓာတ်ငွေ့လျှော့ချနိုင်စေဖို့ ဆိုလာစွမ်းအင်သည် အကျိုးအရှိဆုံး စွမ်းအင်အရင်းအမြစ်လည်း ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမှုမရှိသည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ ထွက်ရှိမှုလည်း မရှိပါ။ ဆိုလာစွမ်းအင်သည် ဘေးကင်းလုံခြုံမှုရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စွမ်းအင်အရင်းအမြစ် တစ်ခုလည်း ဖြစ်ပါသည်။ ဆိုလာစွမ်းအင်သည် ကိုယ်တိုင်ဖူလုံသည့် စွမ်းအင်ဖြစ်ပြီး ဆိုလာပြားတွေကို ခေါင်မိုးပေါ်မှာ တပ်ဆင်အသုံးပြုရသည်မှာလည်း လွယ်ကူဘေးကင်းရုံမျှမက အနာဂတ်စွမ်းအင်ပြတ်လပ်မှု ပြဿနာအတွက်လည်း ဖြေရှင်းပြီးသား ဖြစ်စေပါသည်။ ဆိုလာစွမ်းအင်ကို အိမ်မှာတပ်ဆင်အသုံးပြုပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဘယ်လောက်အလေးထားတယ်ဆိုသည်ကိုလည်း ပြသနိုင်ပါသည်။

၂။ နေအိမ်ကို အများသုံးလျှပ်စစ်ဖြန့်ဝေရေးစနစ် မလိုသည့်အိမ်အဖြစ်လည်း ဖန်တီးပေးနိုင်ပါသည်။ ဆိုလာလျှပ်စစ်အသုံးပြုလို့ ကျသင့်သည့်ကုန်ကျစရိတ်က အိမ်တွေမှာ ဘာလို့ ဆိုလာစွမ်းအင်ကို ပိုပြီးသုံးစွဲသင့်တယ်ဆိုသည့် အကောင်းဆုံးသာဓက ဖြစ်ပါသည်။ လက်ရှိ အသုံးပြုနေကြသည့် သမားရိုးကျ လျှပ်စစ်ဖြန့်ဝေရေးစနစ်သည် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့များကို အများကြီး အမှီသဟဲပြုနေရခြင်း ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းစေသည့်အပြင် သယံဇာတအရင်းအမြစ်ကလည်း ကန့်သတ်ချက်ရှိခြင်းကြောင့် ရေရှည်သုံးစွဲဖို့ မသင့်လျော်ပါ။ အဆိုပါအချက်ကြောင့် ဈေးကွက်ကို မတည်ငြိမ်စေဘဲ ယနေ့ခေတ်မှာ စွမ်းအင်စရိတ်စကတွေလည်း မြင့်တက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလာလျှပ်စစ်ကို အသုံးပြုခြင်းကြောင့် စရိတ်စကများသည့် သမားရိုးကျလျှပ်စစ်သုံးစွဲမှုပုံစံကို လျစ်လျူရှုနိုင်စေပါသည်။ ဆိုလာစွမ်းအင်စနစ်များမှာ အကုန်အကျခံ ရင်းနှီးလိုက်ခြင်းအားဖြင့် ခန့်မှန်းထားလို့မရနိုင်သည့် မီတာခမြင့်တက်မှုအခြေအနေမှ အလွယ်တကူ ရှောင်လွှဲနိုင်ပြီး တစ်နေ့တာလုံး လျှပ်စစ်သုံးစွဲမှုအတွက် အသုံးစရိတ်သက်သာစေမှာ ဖြစ်ပါသည်။ နေက သူ၏စွမ်းအင်စရိတ်ကို ပိုတောင်းခံမှာမဟုတ်သလို လုံလောက်တဲ့ စွမ်းအင်ကိုလည်း မတွက်မကပ်ဘဲ အမြဲပေးစွမ်းနေမှာဖြစ်ပါသည်။ အိမ်များ၏ ခေါင်မိုးပေါ်မှာ ဆိုလာပြားကို တစ်ကြိမ်တပ်ဆင်ထားလိုက်ရုံနှင့် စွမ်းအင်ဖြန့်ဝေပေးသည့်အခြေအနေကို ပူနေစရာမလိုတော့ဘဲ မိမိစိတ်တိုင်းကျ မည်သည့်အချိန်မဆို စွမ်းအင်ကို လွတ်လပ်စွာသုံးစွဲနိုင်မှာ ဖြစ်ပါသည်။

၃။ အသုံးပြုမှု နည်းပါးသည့်မြေများတွင် ဆိုလာစွမ်းအင်ကို ရယူနိုင်ပါသည်။ ဆိုလာစွမ်းအင်အား တပ်ဆင်အသုံးပြုရလွယ်ကူလာသည်နှင့်အမျှ ဝယ်လိုအား၊ အသုံးပြုအားလည်း မြင့်တက်လာခဲ့ပါသည်။ မြို့ကြီးပြကြီးနှင့် အလှမ်းဝေးသည့် ကျေးလက်ဒေသများမှာဆိုလျှင် အသုံးပြုမှုနည်းပါးသည့် မြေနေရာတွေ အများအပြားရှိပြီး ဆိုလာစွမ်းအင်အတွက် တန်ဖိုးသိပ်မကြီးလှသည့် အဆိုပါမြေနေရာတွေကို အကျိုးရှိရှိ အသုံးပြုနိုင်မှာလည်း ဖြစ်ပါသည်။ ဆိုလာခြံများအကြောင်းကို သိကြ၊ ကြားဖူးကြမှာဖြစ်ပါသည်။ မြေနေရာပြင်ကျယ်တွေမှာ ဆိုလာစွမ်းအင်သိုမှီးနိုင်သည့် ဆိုလာပြား သန်းနှင့်ချီပြီး တပ်ဆင်ထားသည့် ခြံများ ဖြစ်ပါသည်။ အသုံးပြုမှုနည်းပါးသည့်မြေနေရာများမှာ ဆိုလာခြံတစ်နည်းအားဖြင့် ဆိုလာစွမ်းအင်ထုတ်စက်ရုံတွေကို တည်ဆောက်ထားနိုင်ပါသည်။ ဗြိတိန်က ဆိုလာခြံတစ်ခုမှာဆိုလျှင် ၄၅ ဧကကျယ်ဝန်းသည့် ဆိုလာခြံမှ အိမ်ခြေပေါင်း ၂၅၀၀ ခန့်ကို လုံလောက်သည့် လျှပ်စစ်ထောက်ပံ့မှုပေးနိုင်ခဲ့ပြီဟု သိရှိရပါသည်။

၄။ ဆိုလာစွမ်းအင်သည် လျှပ်စစ်ဓာတ်အားလေလွင့်မှုကို သက်သာစေပါသည်။ လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများကနေ လူနေအိမ်တွေကို ဓာတ်အားလိုင်းကွန်ရက်တွေကနေတစ်ဆင့် ဖြန့်ဝေပေးကြသည့်အခါမှာ ဖြန့်ဝေပေးရသည့် နေရာဒေသဝေးကွာသောအခါ ဓာတ်အားလေလွင့်မှုများ ရှိတတ်ကြပါသည်။ ဆိုလာပြားများကို နေအိမ်ခေါင်မိုးမှာ တပ်ဆင်ထားပြီး နေကနေ စွမ်းအင်သိုလှောင်ထားနိုင်ခြင်းကြောင့် လျှပ်စစ်ဖြန့်ချိရသည့် အကွာအဝေးနည်းပါးပြီး လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုသက်သာစေပြီး အိမ်အတွက် လုံလောက်သည့် စွမ်းအင်ပမာဏကို ရရှိနိုင်စေမှာ ဖြစ်ပါသည်။ ဆိုလာစွမ်းအင်စနစ်များသည် ကြာရှည်အသုံးခံပြီး အသုံးပြုရင်း အနှောင့်အယှက်ဖြစ်သည့် အခြေအနေလည်း နည်းပါးပါသည်။

၅။ ဆိုလာစွမ်းအင်သည် လျှပ်စစ်ဘေးကင်းလုံခြုံရေးအတွက်လည်း ကောင်းမွန်စေပါသည်။ ဆိုလာစွမ်းအင်ကို ပြောင်းလဲပြီး အသုံးပြုကြသည့်အခါ ရုတ်တရက် မီးပြတ်သွားတာ၊ မီးအားကျသွားတာမျိုးကို ကြုံတွေ့ရနည်းပါးလာပါသည်။ ဗြိတိန်က ဆိုလာစွမ်းအင်အသုံးပြုကြသည့် အိမ်တိုင်းနီးပါးလိုလိုမှာ ဓာတ်အားထုတ်စက်ရုံငယ်လေးကဲ့သို့ စွမ်းဆောင်ပေးသည့် Solar Cell များကို တပ်ဆင်ထားကြပါသည်။ လျှပ်စစ်ဘေးကင်းလုံခြုံရေးအတွက် အထောက်အပံ့ဖြစ်စေပြီး အထူးသဖြင့် သဘာဝဘေးအန္တရာယ်တွေနှင့် လူတွေအမှားကြောင့် ဖြစ်သည့် ဘေးအန္တရာယ်များအတွက် ဘေးကင်းလုံခြုံစေပါသည်။

၆။ ဆိုလာစွမ်းအင်ကြောင့် အလုပ်အကိုင်များနှင့် စီးပွားရေးတွင် ပိုမိုကြီးပွားတိုးတက်လာစေပါသည်။ ဆိုလာစွမ်းအင်က နိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ကူညီပံ့ပိုးပေးနိုင်ပါသည်။ လူများဆိုလာစွမ်းအင်ကို ပိုပြီးသုံးစွဲလာသည့်အခါ ဆိုလာပြားများ တပ်ဆင်ပေးနိုင်သည့်ကုမ္ပဏီများ ပိုပြီးလိုအပ်လာပါသည်။ ကျွမ်းကျင်ဝန်ထမ်းများအတွက် အလုပ်အကိုင်များ ပိုမိုများပြားလာစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဆိုလာပညာရှင်ဝန်ထမ်း ဒုတိယမြောက် အများဆုံးနိုင်ငံဖြစ်လာခဲ့ပြီး ကျွမ်းကျင်ပညာရှင်ဝန်ထမ်း ၃၅၀၀၀ ဦးဖြင့် ဥရောပတိုက်တွင် အကျယ်ပြန့်ဆုံး ဆိုလာလျှပ်စစ်စွမ်းအင်တပ်ဆင်ရေးဈေးကွက်ကို အခိုင်အမာရရှိခဲ့ပါသည်။

၇။ ဆိုလာစွမ်းအင်သည် မကုန်ခန်းနိုင်သည့် စွမ်းအင်အရင်းအမြစ် ဖြစ်ပါသည်။ အသုံးပြုနိုင်သည်ထက် နေကစွမ်းအင်တွေ ပိုပြီး ထုတ်လုပ်ပေးသလို နေရောင်ကလည်း လူတွေခွဲခြားပြီး ပေးစွမ်းမှာမဟုတ်ဘဲ လူတိုင်း တန်းတူညီမျှရရှိနေနိုင်တာ ဖြစ်ပါသည်။ ဆိုလာစွမ်းအင်ကို စတင်သုံးစွဲသည်နှင့် ကုန်ကျစရိတ် ချွေတာပြီးသားဖြစ်သည်ကို ယနေ့ချိန်မှာ ကိုယ်တိုင်လက်တွေ့သိခွင့်ရကြမှာဖြစ်ပြီး ကာလရှည်ကြာလာတာနဲ့အမျှ အကျိုးကျေးဇူးတွေကိုလည်း ထပ်မံခံစားသိရှိလာကြမှာ ဖြစ်ပါသည်။ ဆိုလာစွမ်းအင်ကို အချိန်ကြာကြာသုံးစွဲလာသည့်အခါ ဆိုလာနည်းပညာ၏ အကျိုးကျေးဇူးများကို ပိုမိုခံစားရရှိလာမှာဖြစ်ပြီး လူမှုစီးပွားဘဝများကိုသာမက မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကိုလည်း အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဆိုလာဟုခေါ်သော နေစွမ်းအင်သည် ယနေ့ခေတ်တွင် အသုံးပြုသင့်ဆုံးသော စွမ်းအင်အရင်းအမြစ်ဖြစ်လာနေပြီးဖြစ်ပါ၍ မိမိတို့၏ လူမှုစီးပွားဘဝများကိုသာမက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူဖြစ်စေပါသဖြင့် ဆိုလာစွမ်းအင်အား နေအိမ်တိုင်းတွင် တပ်ဆင်အသုံးပြုသင့်ကြသည့် အချိန်အခါကာလသို့ ရောက်ရှိနေပြီဖြစ်ပါ၍ ခေတ်မီသူတိုင်း ဆိုလာကို မဖြစ်မနေ တပ်ဆင်သင့်ကြပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

## ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ဈေးနှင့် တံခွန်တိုင်ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၈**

မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်တွင် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများ၊ ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ပူးပေါင်း၍ တံခွန်တိုင်ဈေးနှင့် တံခွန်တိုင်ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်း စစ်ဆေး၍ မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေနှင့်မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိရေး မှာကြားပြီး မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။ **(ဓာတ်ပုံ)**



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့သည် တံခွန်တိုင်ရပ်ကွက်၊ ရန်-မန်းလမ်းပေါ်ရှိတံခွန်တိုင် အရန်မီးသတ်စခန်းရှိ မီးသတ်ယာဉ်များ ကွဲခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ဝင့်ဝင့်)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး နိုဝင်ဘာ ၈**

၂၀၂၅-၂၀၂၆ ခုနှစ်၊ အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး)(AEDA MDY)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၉ လမ်း၊ ၇၆လမ်းနှင့် ၇၈လမ်းကြားရှိ တက်နေလင်းကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးထိုက်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်း(ဗဟို)ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အသင်း(ဗဟို)အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ အသင်း(ဗဟို)တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်ထုအတွင်း အန္တရာယ်ပေးနေသည့် စိတ်ကြွရူးသွပ်ဆေးနှင့်အီးစီးကရက်(Vape)အကြောင်းတို့ကို အသီးသီးပညာပေးဟောပြောကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသင်း(ဗဟို) အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ဟောပြောပွဲကို တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ဦးက မူးယစ်ဆေးဝါး မသုံးစွဲရေး သန္နိဋ္ဌာန်ကို ရွတ်ဆိုကြကြောင်း သိရသည်။ **(၀၇၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားလုပ်သူများကို ဖမ်းဆီးအရေးယူ

**မုဒုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ်၊ မုဒုံမြို့နယ်တွင် ဖဲရိုက်လောင်းကစားလုပ်သူများကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(ယာဉ်ပုံ)**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် မုဒုံမြို့နယ်၊ နှီးပဒေါကျေးရွာရှိ လူနေထိုင်ခြင်းမရှိသော ဒေါ်ရီ၏နေအိမ်၌ ဖဲရိုက်လောင်းကစားလုပ်နေကြောင်း သတင်းအရ ကမာဝက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် အဆိုပါကျေးရွာနေသူများဖြစ်ကြသည့် ဌေးဝင်း(၄၂)နှစ်ပါ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဌေးဝင်းပါ(၅)ဦးအား ကမာဝက်နယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တကောင်းရပ်ကွက်ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းစစ်ဆေးရေးဂိတ်၌ မန္တလေးမှ မုံရွာမြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့နယ်၊ ဥယျာဉ်တော်ရပ်ကွက်နေ ထက်အောင်ဟိန်း(၃၀)နှစ် မောင်းနှင်လာသည့် MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထက်အောင်ဟိန်းအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဓာတ်ပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မန္တလေး-စစ်ကိုင်း-မုံရွာလမ်းမကြီး၊ ကံတလူတိုးဂိတ်အနီးယာဉ်တိုက်မှုဖြစ်၍ ကူညီကယ်ဆယ်

**မန္တလေး နိုဝင်ဘာ ၈**

စစ်ကိုင်းမြို့နယ်၊ မန္တလေး-စစ်ကိုင်း-မုံရွာလမ်းမကြီး၊ ကံတလူ တိုးဂိတ်အနီးတွင် နိုဝင်ဘာ ၆ရက် ညနေ ၃နာရီ ၁၀မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားပြီး လူတစ်ဦးညပ်နေကြောင်း သတင်းရရှိသဖြင့် စစ်ကိုင်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အိုးဘိုလူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်တစ်စီးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၃နာရီ ၄၈ မိနစ်တွင် ညပ်နေသူအမျိုးသားတစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး အိုးဘိုလူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်ဖြင့် စစ်ကိုင်းခုတင်(၂၀၀)ပြည့်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။ **(အောက်ဓာတ်ပုံ)(၀၄၅)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**သာစည် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ရက် ည ၉ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် သာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သာစည်မြို့နယ်၊ ကျဲတပ်ဆုံကျေးရွာအနီး မိုင်တိုင်အမှတ် ၂၉ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သာစည်မြို့နယ်၊ ကျဲတပ်ဆုံကျေးရွာနေ ဦးသန်းလွင်(၆၃)နှစ်မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်အေးလှ(၅၅)နှစ် လိုက်ပါလာသည့် 25W---- LUOJIA-110 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လေးကျိုးနေသဖြင့် အချက်ပြမီးပြ၍ ရပ်တန့်ထားသည့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ ဦးတင်အောင်ကျော်(၅၁)နှစ် မောင်းနှင်သည့် 1-TLR---- ISUZU ၂၂ ဘီး မော်တော်ယာဉ်နောက်ပိုင်းအား ဝင်ရောက်တိုက်မိခဲ့ပြီး ဦးသန်းလွင်နှင့် ဒေါ်အေးလှတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် ဦးသန်းလွင်မှာ ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားသည်။ ဆိုင်ကယ်မောင်းသူ ဦးသန်းလွင်အား သာစည်မြို့မရဲစခန်းက ဥပဒေအရအမှုဖွင့် အရေး ယူထားကြောင်း သိရသည်။ **(ဓာတ်ပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အကွက်အမှတ်(၅၉၇)၊ ဦးပိုင်အမှတ်(၄၄)၊ စစ်ကိုင်း-မန္တလေးကားလမ်းဘေးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တုတ်ထံမှ အပေးစာချုပ်အမှတ်(၅/၂၀၀၈)ဖြင့် လက်ခံခဲ့သူ ဒေါ်ခင်မိမိလှိုင်(၉/အမရ(နိုင်)၀၅၉၈၅၇)က အမှုတွဲအမှတ်(၃၃၁၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်အမှတ်(၇၁)၊ မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ရီချိုဝင်း အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း တောင်အစွန်ဆုံးခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ကွယ်လွန်သူ ဦးကံချွန်(ဘ)ဦးပြည့်(ခ)ဦးမြေ(၉/ပသက(နိုင်)၀၅၀၆၄၆)၏ဇနီးဖြစ်သူ ဒေါ်စိန်ချို(ဘ)ဦးပေါရ(၉/ပသက(နိုင်)၀၄၅၄၉၈)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်ဖြူသီမြင့်(LL.B,DBL) တရားလွှတ်တော်ရှေ့နေ**

**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၀)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးရဲထွန်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်သီသီလှိုင်(ဘ)ဦးကျန်ရှော့ဟော်(၁၃/နခန(နိုင်)၀၇၄၄၅၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း။ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား။ (က)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၄)၊ ဦးပိုင်အမှတ်(၁)၊ ဦးမောင်စိန်အမည်ပေါက်ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၂)၊ ဒေါ်ရွှေရီအမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၁၇+၁၈)၊ ဦးစန်းမောင်အမည်ပေါက် ဂရန်မြေကွက်၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အသီးသီးအကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးဟန်ချင်း(ဘ)ဦးရှိန်ယုံ(၁၃/လရန(နိုင်)၀၅၄၂၄၄)၊ ဒေါ်ရီရီလွင်(ဘ)ဦးလီလွမ်ရှိ(ခ)ဦးစိန်ရီ(၉/မရမ(နိုင်)၀၂၄၄၈၅)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း။ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား။ (က)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အမည်မှန်

(ဘ)ဦးအောင်ကိုဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ IBEC ကိုယ်ပိုင်အထက်တန်းကျောင်း G-10 မှ မောင်စိုင်းအောင်ခန့်သည် ကျောင်းဝင်မှတ်ပုံတင်စာရင်းများအရ မောင်ညီညီခန့်ဖြစ်ပါကြောင်း။

**မောင်ညီညီခန့်.**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းအုပ်စု၊ ဘယ်လင်းကျေးရွာနေထိုင်သူ ဒေါ်ခင်မြင့်(ဘ)ဦးဘိုးအောင်-မှတ်ပုံတင်အမှတ်(၉/စကတ(နိုင်)၀၀၈၉၇၉) ကိုင်ဆောင်သူမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းအုပ်စု၊ ဘယ်လင်းကျေးရွာရှိ အရှေ့အနောက် ပေ(၅၀)၊ တောင်မြောက် (၆၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြင့်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စာစာဦး**

**တရားလွှတ်တော်ရှေ့နေ**

**၃၉လမ်းနှင့် လမ်း ၄၀ကြား၊ ၇၁လမ်း၊ မဟာနွယ်စဉ်ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၁၅၀၀၁၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်နံပါတ်(၈၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ)၏ တောင်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)၊ ခွဲကျန်ဦးပိုင်နံပါတ်(၈၆-ခ)ဟု ခေါ်တွင်သော ဦးစိန်လှ အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း (ပေ၂၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကျော်ဌေး(ဘ)ဦးထွန်းလှိုင်(၈/မကန(နိုင်)၀၇၆၅၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၄)၊ ဦးပိုင်နံပါတ်(၈၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မိုးမိုးဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဖေကောင်းညွန့်(ဘ)ဦးမောင်ညွန့်(၅/ထခန(နိုင်)၀၆၃၆၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဦးကြည်ယံ (LL.M)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမိုမိုထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ ဦးပိုင်နံပါတ်(၆-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းမေသူ(ဘ)ဦးရွက်ဆိုင်(၁/မကတ(နိုင်)၀၂၁၄၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဦးကြည်ယံ (LL.M)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမိုမိုထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်နံပါတ်(၁၆-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်အုန်းမယ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထားထားဝင်း(ဘ)ဦးကြည်သွင်(၅/စကန(နိုင်)၁၉၄၄၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၃)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ဇာခြည်မြင့်အောင်(ဘ)ဦးမြင့်အောင်(၁၃/နခတ(နိုင်)၀၇၁၈၀၃)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဇာခြည်မြင့်အောင်(ဘ)ဦးမြင့်အောင်(၁၃/နခတ(နိုင်)၀၇၁၈၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

(အထက်တန်းရှေ့နေများ)

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊

ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၁)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်နှင်းသက်ဝေ(ဘ)ဦးသောင်းမြ(၉/ပဘန(နိုင်)၂၂၆၁၈၉)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်ဇာထွန်း(ဘ)ဦးထွန်းရွှေ(၉/ခမစ(နိုင်)၀၁၁၇၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

(အထက်တန်းရှေ့နေများ)

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊

ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်နေ ဒေါ်တင်တင်မြင့်(ဘ)ဦးဘသိန်း(၉/သပက(နိုင်)၀၁၆၇၁၆)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးသင့်အိမ်ရာ၊ အပိုင်း(၁)၊ (၄)ခန်းတွဲ၊ (၄)ထပ်၊ အကွက်အမှတ်(မမ-၂၇)၊ တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၁၀၃)၊ ပထမထပ်တစ်ခန်းနှစ်ထပ်တိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီးမီတာနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရတနာအောင်(၇/တငန(နိုင်)၁၀၇၄၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–**

**ဒေါ်တင်တင်မြင့်(ဘ)ဦးဘသိန်း**

**(၉ /သပက(နိုင်)၀၁၆၇၁၆)**

**လွှဲအပ်ချက်အရ–**

**ဒေါ်စင်နွေဦး (LL.B, D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ဝင့်ဟေမာထူး (LL.B)**

**(အထက်တန်းရှေ့နေ)**

**လမ်း၆၀၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ နဂါးရပ်ကွက်၊**

**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၈၅၉၉၆၄၉၊ ၀၉-၇၅၅၈၃၃၉၅၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ၊ (၈)ခန်းတွဲ(၄)ထပ်၊ အကွက်အမှတ်(မမ-၁၅)၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၂၈) တတိယထပ် တိုက်ခန်းသည် ဒေါ်ခေါနိနီး (ဘ)ဦးလွမ်းဒေါင်(၁၃/မဆတ(နိုင်)၀၂၉၅၇၂)အမည်ပေါက် တိုက်ခန်းဖြစ်ပါသည်။ အမည်ပေါက်သူထံမှ ဒေါ်အေးအေးကြည်(ခ)ဘောက်နန်(ဘ)ဦးချစ်လှိုင်(၁၃/မဆတ(နိုင်)၀၅၄၃၀၉)က တရားရုံးကတိသစ္စာပြုလွှာဖြင့် အမွေဆက်ခံ၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်အေးအေးကြည်(ခ)ဘောက်နန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဖဖ-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၄၅၁၀၁၁**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မင်းကျောင်းလမ်း၊ အမှတ်(၂၅)နေ **AUNG PYAE SONE GENERAL TRADING COMPANY LIMITED** ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးအေးနိုင်(ဘ)ဦးစိုးမြင့်(၁၂/ဒဂန(နိုင်) ၀၀၄၃၃၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအေးနိုင်သည် ရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိရုံး၏ အမှတ်အသားမှတ်ပုံတင်စာချုပ်အမှတ်(၈၂၈၄/၂၀၀၆)နှင့် (၁၃၆၉၇/၂၀၁၈)တို့ဖြင့် **"APS"/"Pona Flex"** အမှတ်တံဆိပ်တို့ကို တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားရှိကာ ယင်းအမှတ်တံဆိပ်တို့ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးနှင့် အရည်အသွေးမြင့်မားသော **PVC WATER DISCHARGE HOSE, PVC LAY FLAT HOSE** စသည့် ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ၊ လက်ကား ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် အမည်ကျော်ကြားလျက်ရှိပြီး ပြည်သူများ တစ်ခဲနက်ဝယ်ယူ အားပေးလျက်ရှိကြပါသည်။

APS

Ponaflex®

ယခုအခါ အထက်ပါ ကုန်အမှတ်တံဆိပ်တို့၏ ကောင်းသတင်းကို အခွင့်ကောင်းယူ၍ မြန်မာနိုင်ငံအတွင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ရပ်ရပ်မှ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပကာ "ရေစုပ်စက်၊ ရေတင်စက်များတွင် အသုံးပြုသည့် ပလတ်စတစ်ပိုက်ပျော့များ"ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ အထောက် အထားများနှင့်တကွ သိရှိနေရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးအေးနိုင်၏ မူပိုင်ကုန်အမှတ်တံဆိပ်များအား အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ သုံးစွဲရောင်းဝယ်ခြင်း မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ ဦးအေးနိုင်၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးခင်မောင်သန်း(ဆိုင်းတန်း) | ဦးခင်မောင်ညွန့် | ဦးခင်မောင်သိန်း(စိန်ပန်း) | ဦးထွန်းလွင်ဦး |
|---|---|---|---|
| LL.B,DL-101,IP Law | B.Sc,H.G.P, R.L | LL.B,H.G.P,P.G.D.L | LL.B,H.G.P |
| ဒေါ်စာစာမောင် | ဦးသိန်းဦး(ချယ်ရီမြေ) | ဦးအောင်ဇော်သူ | ဒေါ်သီတာကို |
| LL.B,DL-101, IP Law | B.Sc,H.G.P,P.G.D.L | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**Mandalay Justice Law Firm**

**အမှတ်(၅၁)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**E-mail; lawyer khinmaung thanndf @gmail.com**

**09-2014522, 09-2300786, 09-882300786**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄)၊ ဦးပိုင်နံပါတ်(၁၈)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ တပ်ကြပ် ညီညီ အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)နှင့်ကပ်လျက် တောင်ဘက်ပိုင်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းထွေး(ဘ)ဦးလှသောင်း(၉/မနတ(နိုင်)၀၇၇၄၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး** (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန်** (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသစင်အောင် (LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုးမိုးထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမွတ်တား အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဒန်းဘာဒူး(ဘ)ဦးကြက်ဘာဒူး(၉/မကန(နိုင်)၁၂၈၆၃၈)(၄င်း၏ကိုယ်စား ဦးကျော်သူ(ဘ)ဦးပတ္တမာလား(လ်)(ခ)ဦးကျော်ထွန်း(၅/တမန(နိုင်)၀၆၆၀၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး** (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန်** (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်

**ကျောက်မဲ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်သည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ကျောက်မဲဒေသတွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ကျောက်မဲမြန်မာ့စီးပွားရေးဘဏ်ခွဲကို ယာယီပိတ်သိမ်းခဲ့ရကြောင်း၊ ယခုအခါ ကျောက်မဲမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယနေ့မှစ၍ ဘဏ်ကို ပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံတစ်ဝန်းငွေလွှဲခြင်းလုပ်ငန်း၊ စာရင်းရှင်စာရင်းဖွင့်သည့်လုပ်ငန်း၊ အငြိမ်းစားလစာထုတ်သည့်လုပ်ငန်း၊ ငွေစုဆောင်းအပ်နှံခြင်းလုပ်ငန်းအစရှိသည့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။




ယင်းနောက်တာဝန်ရှိသူများသည် ဘဏ်မှ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေသည့်အခြေအနေများကို ကြည့်ရှု၍ သက်ကြီးရွယ်အိုအငြိမ်းစားပင်စင်စား ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ဆွေးနွေးပွဲ AFC - MFF Match Operations Workshop ကျင်းပ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၈**

အာရှဘောလုံးအဖွဲ့ချုပ်(AFC)နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)တို့ ပူးပေါင်းကျင်းပသည့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ AFC - MFF Match Operations Workshop ကို ယနေ့ နေ့လယ်က Novotel Yangon Max Hotel ရှိ ပုသိမ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။




အခမ်းအနားသို့ အာရှဘောလုံးအဖွဲ့ချုပ် AFC အကြီးတန်းဒုတိယ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ AFC Deputy General Secretary Mr. Shin Man Gil ၊ AFC ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူ Brian See Mei Chiat၊ MNL 1၊ MNL 2 ၊ Myanmar Women League အသင်းများမှ တာဝန်ရှိသူများ၊ MFF နှင့် MNL တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာရှဘောလုံးအဖွဲ့ချုပ် AFC အကြီးတန်းဒုတိယ ဥက္ကဋ္ဌနှင့် MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး AFC Deputy General Secretary Mr. Shin Man Gil နှင့် AFC ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူ Brian See Mei Chiat တို့အား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

ထို့နောက် Match Operations and Competition နှင့် ပတ်သက်သည်များကို အာရှဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက ဆွေးနွေးဟောပြောပို့ချခဲ့သည်။ MFF အနေဖြင့် MNL-1, MNL-2, Women's League, Youth Leagues, Youth Tournaments များ ကျင်းပနေသကဲ့သို့ လက်ရွေးစင်အဆင့် နိုင်ငံတကာပြိုင်ပွဲများ၊ အာရှ၊ အာဆီယံကလပ်အသင်းပြိုင်ပွဲများအားလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။ ပြိုင်ပွဲများကျင်းပရာတွင် အာရှဘောလုံးအဖွဲ့ချုပ်မှချမှတ်သော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရပြီး သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီရန်လည်း ဖြည့်ဆည်းဆောင်ရွက်ရသည်။ ပြိုင်ပွဲတာဝန်ရှိသူများ အရည်အချင်းပြည့်မီရေး၊ လူငယ်များ ပေါ်ထွက်ရေးအတွက်လည်း ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ များ၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

**(NGB)**

0-0-0-0-0

## ပြည်သူ့အလုပ်သမားပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်သူ့အလုပ်သမားပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၇ နှင့် ၈ တို့တွင် ဖော်ပြပါရှိပါသည်။

**မန္တလေးနေ့စဉ်**

## စပါးအသင်းနှင့် မန်ယူအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်

**လန်ဒန် နိုဝင်ဘာ ၈**

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက စပါးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၄မိနစ်တွင် မာသီယပ်တဲစ်၊ ပွဲချိန် (၉၀+၁) မိနစ်တွင် ရစ်ချာလီဆန်တို့က သွင်းယူပေးခဲ့ပြီး မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန် ၃၂မိနစ်တွင် အမ်ဘူမို၊ ပွဲချိန် (၉၀+၆)မိနစ်တွင် ဒီလစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)အပြီးတွင် စပါးအသင်းက အဆင့် ၄ နေရာ၊ မန်ယူအသင်းက အဆင့် ၇နေရာတို့တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**(NGB)**